ဒို့တာဝန် အရေးသုံးပါး
◆ ပြည်ထောင်စုမပြိုကွဲရေး။
◆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
◆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# မြဝတီ နေ့စဉ်

www.myawady.net.mm
E-mail: mwdpress@hotmail.co.uk

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည်၊ မြဝတီမှမြဝတီ

the Myawady Daily

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက် ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ သောကြာနေ့ အတွဲ(၆)၊ အမှတ်(၉၅)

**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှမငြိမ်းကုန်။ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည်ငြိမ်းကုန်၏။ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာ သဘောပေတည်း။

ဓမ္မပဒ

# ပညာရေးလုပ်ငန်းများတွင် စေတနာ၊ ဝါသနာ၊ အနစ်နာဖြင့် ဆောင်ရွက်ရန်လို



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၆ ခုနှစ် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ)ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ ဓာတ်ပုံ-ကျော်စိုးလွင်

နေပြည်တော် ဇူလိုင် ၂၁

အခြေခံပညာသင်ဆရာ၊ ဆရာမများအနေဖြင့် ပညာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာ၊ ဝါသနာ၊ အနစ်နာဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အနစ်နာဆိုသည်မှာ စေတနာနှင့်ဝါသနာအပေါ် အခြေခံရမည်ဖြစ်ကြောင်း၊ စေတနာ၊ ဝါသနာမှန်ပါက အနစ်နာခံနိုင်သည့်စိတ်၊ အနစ်နာခံချင်သည့်စိတ်၊ အနစ်နာခံနိုင်သည့်စွမ်းအားများ ရှိလာမည်ဖြစ်ကြောင်း၊ အခြေခံပညာကိုခိုင်မာအောင်လုပ်ရန် အရေးကြီးကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ ◆

# မလေးရှားနိုင်ငံထိန်းသိမ်းရေးစခန်းများရှိ မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ယူရန်စီစဉ်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၁

မလေးရှားနိုင်ငံရှိ Pekan Nenas၊ Bukit Jalil၊ Melaka နှင့် Belantik ထိန်းသိမ်းရေးစခန်းတို့တွင် ဥပဒေအရ အပြစ်ဒဏ်များကျခံပြီးသော်လည်း လေယာဉ်စရိတ်အခက်အခဲကြောင့် မြန်မာနိုင်ငံသို့မပြန်နိုင်သည့် ရွှေ့ပြောင်းအလုပ်သမားများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့၏ပူးပေါင်းစီစဉ်မှု၊ စေတနာရှင်များ၏ ပါဝင်ကူညီမှုဖြင့် မကြာမီရက်ပိုင်းအတွင်း မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ယူရန် စီစဉ်နေကြောင်းသိရသည်။

အဆိုပါထိန်းသိမ်းရေးစခန်းများရှိ မြန်မာနိုင်ငံသားအတည်ပြုနိုင်သည့် ရွှေ့ပြောင်းအလုပ်သမား ၅၆၀ ဦးအား

စာမျက်နှာ ၂ ကော်လံ ၁ ◆

## တန်ဖိုးနည်းအိမ်ရာစီမံကိန်းမှ တိုက်ခန်းများ ပြည်သူ့လက်ဝယ်သို့ ရောက်ရှိစေရေး တိကျသည့်အိမ်ရာ မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများ ချထားပေးရန်လိုအပ်

စာ- ၃ သို့

## ကျောင်းပြင်ပပညာရေး တက်ရောက်သင်ယူမည့်ကလေးငယ်များ အေးချမ်းစွာပညာသင်ကြားနိုင်ရန် မိဘများအား အသေးစားငွေချေးပေးမည်

စာ- ၁၂ သို့

| မြို့ | အနိမ့်ဆုံးအပူချိန် / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၆° C / | ၃၂° C |
| ရန်ကုန် | ၂၂° C / | ၃၂° C |
| မန္တလေး | ၂၇° C / | ၃၄° C |

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့



www.facebook.com/themyawadydaily



## အယ်ဒီတာ့အာဘော်

(၂၀၁၆ ခုနှစ်၊ ဇူလိုင် ၂၂ ရက်)

# ဝါဆိုသင်္ကန်းနှင့်ဝါတွင်းကာလဒုလ္လဘ

ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် ဝိသေသထူးခြားသောလဟုဆိုကြခြင်းမှာ သန္ဓေ တောထွက်၊ ဓမ္မစကြာ၊ တစ်ချက်ပြာဋိဟာဟူသော ဗုဒ္ဓသာသနာတော်သမိုင်းမှတ်တမ်းရေးထိုးခဲ့ခြင်းကြောင့်ဖြစ်သည်။ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား သန္ဓေယူသောနေ့၊ နိမိတ်ကြီးလေးပါးကိုမြင်တွေ့ရပြီး သံဝေဂရကာ တောထွက်တော်မူသောနေ့၊ ဘုရားအဖြစ်သို့ရောက်တော်မူပြီး မိဂဒါဝုန်တောတွင် ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦး ဟောတော်မူသောနေ့တို့သည် ဝါဆိုလပြည့်နေ့ပင်ဖြစ်သည်။

မြန်မာတို့သည် အစဉ်အလာအားဖြင့် သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ဒုလ္လဘရဟန်းပြုခြင်းကောင်းမှုတို့ပြုကြသည်။ ဝါဆိုသင်္ကန်းသည် ဝါတွင်းကာလ ဝါဆိုလပြည့်ကျော် ၁ ရက်မှ သီတင်းကျွတ်လပြည့်နေ့အတွင်း မည်သည့်ရက်မဆိုကပ်လှူနိုင်သကဲ့သို့ ဝါတွင်းကာလမဟုတ်သောရက်များတွင်လည်းကပ်လှူနိုင်ကြောင်း၊ သင်္ကန်းကပ်လှူသူက ဝါဆိုသင်္ကန်းအဖြစ် ရည်မှန်းကပ်လှူပါသည်ဟု နှုတ်မှဖွင့်ဟလျှောက်ထားရန်လိုကြောင်း ဂေါတမမြတ်စွာဘုရားဟောထားသည်ဟု ဆရာတော်ကြီးများမိန့်ကြားသည်။

သံဃာတော်များအား သင်္ကန်းလှူသောအကျိုးကား များလှသည်။ အဆင်းလှခြင်း၊ မြအညစ်အကြေးကင်းခြင်း၊ အရောင်အဝါရှိခြင်း၊ တန်ခိုးအာနုဘော်ရှိခြင်း၊ သိမ်မွေ့သောကိုယ်ရှိခြင်း၊ ဖြူသောအဝတ်ပုဆိုးရှိခြင်း၊ ရွှေသောအဝတ်ပုဆိုးရှိခြင်း၊ နီသောအဝတ်ပုဆိုးရှိခြင်းတို့သည် သင်္ကန်းလှူသူတို့အတွက် ရနိုင်သောအကျိုးရှစ်ပါးဖြစ်သည်။

ရခဲသောလူ့ဘဝတွင် ပြုနိုင်ခဲသောရဟန်းပြုခြင်းသည် မြတ်သောကုသိုလ်ဖြစ်သည်။ ဒုလ္လဘရဟန်းပြုပြီး ရဟန်းတို့၏သိက္ခာကိုစောင့်ထိန်းခြင်းဖြင့် ဝါတွင်းကာလကုန်ဆုံး၍ လူဝတ်ကြောင်ဘဝသို့ ပြန်လည်ရောက်ရှိလာချိန်တွင် ယခင်ကထက်ပို၍ စောင့်စည်းမှုရှိသော လူကောင်းသူကောင်းအဖြစ်ကို ရောက်ရှိနိုင်မည်ဖြစ်သည်။ ရဟန်းတို့အင်္ဂါလေးပါးမှာ သည်းခံခြင်း၊ အစာအာဟာရ၌ တပ်မက်မှုနည်းခြင်း၊ မွေ့လျော်ဖွယ်ကိုပယ်ဖျောက်ခြင်းနှင့် စိုးရိမ်ကြောင့်ကြမှုကင်းခြင်းတို့ဖြစ်သည်။ ရဟန်းတို့၏ သီတင်းလေးပါးဟူ၍ရှိသည်မှာ အာပတ်ခုနစ်ပုံမသင့်အောင် စောင့်ရှောက်ခြင်း၊ အာရုံခြောက်ပါးကို စောင့်ရှောက်ခြင်း၊ ပစ္စည်းလေးပါးကို ပစ္စဝေက္ခနဆင်ခြင်၍ သုံးစွဲခြင်း၊ တရားနှင့်လျော်စွာရသောပစ္စည်းကို သုံးဆောင်ခြင်းတို့ဖြစ်သည်။ ထို့ကြောင့် ရဟန်းတို့အင်္ဂါလေးပါးနှင့် သီတင်းလေးပါးတို့ကိုစောင့်ထိန်းနိုင်သူသည် လူ့အများကြည်ညိုလေးစားမှုရရှိနိုင်သူဖြစ်သည်။

ထို့ကြောင့် ဝါဆိုလသည် ဗုဒ္ဓဘာသာတို့အတွက် လူ့အဖွဲ့အစည်းကို ပြုပြင်ထိန်းသိမ်းပေးသော ဓမ္မစကြာတရားတော်ကို ကြားနာရသောလအဖြစ်လည်းကောင်း၊ ဝါတွင်းကာလ ဝါဆိုသင်္ကန်းကပ်လှူရသောကုသိုလ်အကျိုးကိုလည်းကောင်း၊ ဝါတွင်းကာလဒုလ္လဘရဟန်းပြုရခြင်းကောင်းမှုအကျိုးကိုလည်းကောင်း ရရှိနိုင်ကြသည့် ထူးခြားသောအခါသမယပင်ဖြစ်ပေသည်။ ။

## ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မူဝါဒ (၆)ရပ်

၁။ ထာဝရငြိမ်းချမ်းရေးရယူရန်အတွက် အမှန်တကယ်ဆန္ဒရှိရန်။
၂။ သဘောတူစာချုပ်များအတိုင်း ကတိတည်ရန်။
၃။ ငြိမ်းချမ်းရေးသဘောတူညီချက်များအပေါ် အမြတ်မထုတ်ရန်။
၄။ ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်။
၅။ နိုင်ငံတော်ကထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများကိုလိုက်နာရန်။
၆။ ဒို့တာဝန်အရေးသုံးပါးနှင့် ဒီမိုကရေစီအနှစ်သာရကိုလက်ခံပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ဒီမိုကရေစီလျှောက်လှမ်းနေမှုတွင် လိုက်ပါလုပ်ဆောင်ရန်။

## The six peace principles

1. Genuine desire to make a lasting peace.
2. Commitment to peace agreements.
3. Abstaining from taking unfair advantages from the peace agreement.
4. Not to put burdens on local people.
5. Strict adherence to existing laws.
6. Cooperation in democratic reform processes based on the 2008 State Constitution, Our Three Main National Causes, and the essence of democracy.

## မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့်ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်

နေပြည်တော် ဇူလိုင် ၂၁

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း အောက်ဖော်ပြပါမြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | တပ်ကုန်း |
| ၂။ | ကချင်ပြည်နယ် | ဝိုင်းမော်၊ ဖားကန့် |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ဆားလင်းကြီး |
| ၄။ | ပဲခူးတိုင်းဒေသကြီး | အုတ်ဖို |
| ၅။ | မကွေးတိုင်းဒေသကြီး | ရေစကြို၊ နတ်မောက်၊ စေတုတ္တရာ၊ အောင်လံ |
| ၆။ | မန္တလေးတိုင်းဒေသကြီး | မြစ်သား၊ ငါန်းဇွန် |
| ၇။ | ရခိုင်ပြည်နယ် | ကျောက်တော်၊ မြောက်ဦး၊ မင်းပြား |
| ၈။ | ရန်ကုန်တိုင်းဒေသကြီး | တိုက်ကြီး |
| ၉။ | ရှမ်းပြည်နယ် | ညောင်ရွှေ၊ မိုင်းကိုင်၊ နောင်ချို၊ တာလေ |
| ၁၀။ | ဧရာဝတီတိုင်းဒေသကြီး | ငပုတော၊ ညောင်တုန်း၊ ကျိုက်လတ်၊ မြန်အောင်၊ ကြံခင်း |

(၅၀၀)

## အမြန်လမ်းတွင် ဖြတ်သန်းမောင်းနှင်နေသည့်ယာဉ်များနှင့် ယာဉ်မောင်းသူများအား ကိရိယာများနှင့်တိုင်းတာစစ်ဆေး




အမြန်လမ်းတွင် မောင်းနှင်လာသောယာဉ်များအား အရှိန်နှုန်းတိုင်းကိရိယာဖြင့် တိုင်းတာစစ်ဆေးစဉ်။

နေပြည်တော် ဇူလိုင် ၂၁

အမြန်လမ်းမကြီးရဲတပ်ဖွဲ့အနေဖြင့် အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်မတော်တဆမှုများဖြစ်ပွားမှုမရှိစေရေးအတွက် အမြန်လမ်းမကြီးပေါ် ဖြတ်သန်းမောင်းနှင်လျက်ရှိသော အဝေးပြေးခရီးသည်တင် Express ယာဉ်များ၊ ခွင့်ပြုကုန်စည်တင်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်ငယ်များမှ ယာဉ်မောင်းသူများ အရက်သေစာသောက်စားခြင်း ရှိ ၊ မရှိ အရက်မူးတိုင်းကိရိယာဖြင့်စစ်ဆေးခြင်း၊ သတ်မှတ်လိုင်စင် သတ်မှတ်အရှိန်နှုန်း/အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်သော ယာဉ်များအား အရှိန်နှုန်းတိုင်းကိရိယာဖြင့် တိုင်းတာစစ်ဆေးခြင်းများအား စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

၂၀၁၆ ခုနှစ် ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ပညာပေးကာလသတ်မှတ်၍ ဖောက်ဖျက်ကျူးလွန်သည့်ယာဉ်နှင့် ယာဉ်မောင်းများအား ခံဝန်ကတိလက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိပြီး ၂၀၁၆ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ မော်တော်ယာဉ်ဥပဒေအရ ဖမ်းဆီးအရေးယူသွားမည်ဖြစ်သည်။

ဤကဲ့သို့ဆောင်ရွက်ခြင်းမှာ ယာဉ်မတော်တဆမှုများ နေ့စဉ်နှင့်အမျှဖြစ်ပေါ်နေခြင်းကြောင့် စီမံချက်ချမှတ်အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း၊ ယနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင်လည်း အမျိုးသမီးတစ်ဦးက ကီလို ၁၃၀ မောင်းနှင်လာသည့်ကားကို ကျော်တက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကိုဝင်တိုက်ကာ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါယာဉ်ထဲမှအမျိုးသမီးအား ရွှေ့မှန်ခွဲပြီးကယ်ခဲ့ရကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှသိရသည်။

သန်းဦး (လေးမျက်နှာ)

*** ရှေ့ဖုံးမှအဆက်**

MAI လေယာဉ်တစ်ခေါက်လျှင် လူဦးရေ ၁၄၀ စီဖြင့် လေယာဉ်လေးခေါက်စေလွှတ်ခေါ်ယူသွားရန် စီစဉ်ထားသည်။

စီစဉ်လျှပါန်းသူစေတနာရှင်များက မြန်မာနိုင်ငံသို့ရောက်ရှိပါက တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီထောက်ပံ့၍ သက်ဆိုင်ရာနေရပ်များသို့ ပြန်လည်ပို့ဆောင်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့သို့ရောက်ရှိပါကလည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနအသီးသီးမှ လိုအပ်သည်များကို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံသို့ခေါ်ယူနိုင်မည့် နေ့ရက်အတိအကျကို ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

လတ်တလောတွင် မလေးရှားနိုင်ငံရှိ မြန်မာသံရုံးမှ တာဝန်ရှိသူများက စိစစ်မှုများနှင့် အသေးစိတ်စီစဉ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မိုးဆက်လက်ရွာနေမည်

နေပြည်တော် ဇူလိုင် ၂၁

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးဆက်လက်ရွာနေမည်။

(မိုး/ဇလ)

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# တန်ဖိုးနည်းအိမ်ရာစီမံကိန်းမှ တိုက်ခန်းများ ပြည်သူ့လက်ဝယ်သို့ရောက်ရှိစေရေး တိကျသည့်အိမ်ရာမူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများ ချထားပေးရန်လိုအပ်

ရန်ကုန် ဇူလိုင် ၂၁

အိမ်ရာလိုအပ်ချက် မြင့်မားနေသည့် ရန်ကုန်မြို့၌ နိုင်ငံတော်၏အစီအစဉ်ဖြင့် ဆောက်လုပ်ပြီးနှင့် ဆောက်လုပ်ဆဲဖြစ်သော တန်ဖိုးနည်းအိမ်ရာစီမံကိန်းများမှ ထွက်ရှိလာမည့်တိုက်ခန်းများကို ပြည်သူများ လက်ဝယ်သို့ရောက်ရှိစေရေး ခိုင်မာတိကျသည့် အိမ်ရာမူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများ ချထားပေးရန်လိုအပ်ကြောင်း မြို့ပြပညာရှင်များက သုံးသပ်ခဲ့ကြသည်။

တန်ဖိုးနည်းတိုက်ခန်းများကို ဝယ်ယူခွင့် လျှောက်လွှာများဖြင့် ကြိုတင်လျှောက်ထားရပြီး မဲနှိုက်ကာ ပေါက်မဲစနစ်ဖြင့်ရွေးချယ်ခြင်းဖြစ်သော်လည်း မဲစနစ်ဖြင့် ဝယ်ယူခဲ့သူတချို့မှာ မိမိတို့တိုက်ခန်းများကို လက်လွှဲပြန်လည်ရောင်းချခြင်း၊ အငှားချထားခြင်းများ ပြုလုပ်ခဲ့ကြကြောင်းနှင့် တချို့မှာ ဝယ်ယူခွင့် မဲပေါက်ခဲ့သော်လည်း လာရောက်ဆက်သွယ်ခြင်းမရှိခဲ့ကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ တွက်ချက်မှုအရ ရန်ကုန်မြို့၌ အိမ်ရာလိုအပ်သည့် အိမ်ထောင်စု ၇၅၀၀၀ ကျော်အထိရှိနေပြီး အများစုမှာ အခြေခံလူတန်းစားများ၊ အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင်လုပ်ကိုင်နေသည့် လူလတ်တန်းစားဝန်ထမ်းများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တန်ဖိုးနည်းအိမ်ရာအများစုမှာ မြို့တွင်းနှင့်အလှမ်းကွာပြီး သွားလာရခက်ခဲခြင်းသာမက ရေ မီးပြည့်စုံမှုရှိစေရေးဆောင်ရွက်ထားမှု အားနည်းနေခြင်းတို့ကိုလည်း ပြုပြင်နိုင်ရန်လိုအပ်နေသေးကြောင်း သိရသည်။

လက်ရှိတွင် ပြည်သူများ၏ အိမ်ရာလိုအပ်ချက်များဖြည့်ဆည်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် ငွေကျပ်သိန်း ၁၀၀ အောက်တန်ဖိုးနည်းတိုက်ခန်းပေါင်း နှစ်သိန်းအထိ တည်ဆောက်ရန်လျာထားပြီး ကနဦးစီမံချက်အဖြစ် အိမ်ရာလိုအပ်ချက်အများအပြားရှိနေသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ငွေကျပ် သိန်း ၁၀၀ အောက် တန်ဖိုးနည်းတိုက်ခန်းပေါင်း ၈၀၀၀ ကို စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

(၄၄၇)

# ယခုပညာသင်နှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ ဘာသာရပ်သစ်လေးမျိုး ထပ်မံတိုးမြှင့်သင်ကြားမည်

ရန်ကုန် ဇူလိုင် ၂၁

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ရန်ကုန်စီးပွားရေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဝင်ခွင့်ဦးရေကို ပြီးခဲ့သည့်ပညာသင်နှစ်ထက် ပိုမိုလက်ခံသွားမည်ဖြစ်ရာ ယခင်လေးဘာသာမှ ယခုနှစ်တွင် ရှစ်ဘာသာအထိ လျှောက်ထားနိုင်ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ရမှတ်ပေါင်း ၄၅၀ နှင့်အထက် ရရှိထားသူများလျှောက်ထားနိုင်ကြောင်း ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်နိုင်ဦး၏ ပြောကြားချက်အရ သိရသည်။

လာမည့်ပညာသင်နှစ်တွင်လည်း အောင်မှတ်ကန့်သတ်စံနှုန်းကို ဆက်လက်ထားရှိမည်ဖြစ်ပြီး ဒေသသတ်မှတ်ချက် မထားရှိတော့ဘဲ ဘာသာရပ်တစ်ခုလျှင် သင်ယူခွင့်ရရှိသူ ၅၀ ဦးနှုန်းဖြင့် ဘာသာရပ်ရှစ်မျိုး တက်ရောက်ရန် ကျောင်းသား၊ ကျောင်းသူ ၄၀၀ ကို ရွေးချယ်သွားမည်ဖြစ်သည်။

"ဒီနှစ်ပညာသင်နှစ်မှာ ဘာသာရပ်ရှစ်မျိုး ခေါ်မှာပါ။ ဒီနှစ်ကျောင်းသားဦးရေတိုးပြီး လက်ခံမယ်။ အနိမ့်ဆုံး ရမှတ်ပေါင်း ၄၅၀ ကနေစပြီးတော့ လျှောက်ထားနိုင်ပါတယ်။ စီးပွားရေးအထူးပြုဘာသာရပ်တွေကို လျှောက်ထားချင်တဲ့သူတွေ လျှောက်ထားနိုင်တယ်။ ဒေသကန့်သတ်ချက်မရှိတော့တာကတော့ မနှစ်ကတည်းကပါ။ အဓိကရှစ်ဘာသာဆိုတာ ဝါဏိဇ္ဇဗေဒအထူးပြု၊ စာရင်းကိုင်ပညာအထူးပြု၊ စီးပွားရေးနှင့်စီမံခန့်ခွဲမှု၊ စာရင်းအင်းပညာအထူးပြု၊ မနှစ်ကလေးခုက ဖွံ့ဖြိုးမှုပညာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ လူဦးရေပညာနဲ့ စာရင်းကိုင် အဲဒီဘာသာလေးခုအပြင် အဓိကဘာသာရပ် ရှစ်မျိုးစလုံးကို ခေါ်ထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

**ချမ်းချမ်းတို**

# ရန်ကုန်မြို့ အိမ်ခြံမြေဈေးကွက်၌ အမှန်တကယ် ရောင်းသူဝယ်သူ လောက်သာရှိနေပြီး ဈေးကွက်အေးနေ

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်မြို့၏ အိမ်ခြံမြေဈေးကွက်အနေအထားသည် လက်ရှိတွင် အမှန်တကယ်ရောင်းသူ၊ ဝယ်သူလောက်သာ အရောင်းအဝယ်ရှိနေပြီး အိမ်ခြံမြေဈေးကွက်အေးနေဆဲဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင်များထံမှ သိရသည်။

ပြီးခဲ့သည့်နှစ်ပိုင်းများအတွင်း အမြင့်ဈေးဖြင့် အရောင်းအဝယ်ပြုလုပ်လျက်ရှိရာမှ ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်၍ အိမ်ခြံမြေအရောင်းအဝယ်ရပ်တန့်သွားသည့်အနေအထားရှိလာကာ အိမ်ခြံမြေအရောင်းအဝယ်အေးသွားသော်လည်း အိမ်ဝယ်ယူရန် ငွေကြေးမတတ်နိုင်သူ အများအပြားရှိနေသည့်အတွက် ရန်ကုန်မြို့၏ အိမ်အငှားဈေးကွက်လုပ်ငန်း တွင်ကျယ်လျက်ရှိသည်။

အိမ်ခြံမြေ အရောင်းအဝယ်အေးသည့်နည်းတူ ကွန်ဒိုအရောင်းအဝယ်ဈေးကွက်လည်း အထိုက်အလျောက်ကျဆင်းခဲ့ပြီး အိမ်ခြံမြေ အရောင်းအဝယ်ကဏ္ဍတွင် အခွန်နှုန်းထားများ တိုးမြှင့်လိုက်သည့်နောက်ပိုင်း ယင်းကဲ့သို့ ဈေးကွက်အေးသွားခြင်းဖြစ်ကြောင်းနှင့် ဝါတွင်းကာလရောက်ပြီဖြစ်၍ နောက်လေးငါးလအတွင်း ယခုအတိုင်း ဈေးကွက်အေးနေဦးမည်ဖြစ်ကြောင်း သိရသည်။

"အိမ်ခြံမြေဈေးကွက် အေးနေတာကြာပါပြီ။ တကယ်ရောင်းချင်တဲ့သူတွေကတော့ ဈေးခေါ်တာတွေရှိတယ်။ ဝယ်မယ့်သူကလည်း တကယ်နေမယ့်သူတွေပဲ စုံစမ်းတာရှိတယ်။ အခုမိုးတွင်းရောက်နေပြီး ဝါလည်းဝင်ပြီဆိုတော့ နောက်ထပ်လေးငါးလအတွင်းမှာ ဒီအတိုင်းသွားဦးမှာပါပဲ" ဟု ရန်ကုန်မြို့ရှိ အိမ်ခြံမြေအကျိုးဆောင်တစ်ဦးကပြောသည်။

(၄၄၇)



ဓာတ်ပုံ-လင်းခန့်

# တိုက်ကြီး-အင်းစိန် အစုန် အဆန် RBE ရထားတွဲဆိုင်းသစ် ယနေ့စတင်ပြေးဆွဲ

တိုက်ကြီး ဇူလိုင် ၂၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာ့မီးရထားဖြင့် ခရီးသွားလာသည့်ပြည်သူများ အဆင်ပြေစေရေးအတွက် တိုက်ကြီး-အင်းစိန် RBE ရထားတွဲဆိုင်းသစ်ကို ယနေ့နံနက် ၆ နာရီမှစတင်ပြေးဆွဲပေးကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားကို တိုက်ကြီးဘူတာရုံ၌ ကျင်းပရာ မြန်မာ့မီးရထား တိုင်းမန်နေဂျာ ဦးကျော်စိုးလင်းနှင့်တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်စိုးလွင်နှင့် ဌာနဆိုင်ရာများ၊ တိုက်ကြီးဘူတာရုံပိုင်ကြီး ဦးစိုးလင်းနှင့် တာဝန်ရှိသူများ၊ ဘူတာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များတက်ရောက်ကြသည်။

ထို့နောက် တိုက်ကြီး-အင်းစိန်ပြေးဆွဲမည့် RBE ရထားပေါ်သို့ တက်ရောက်ကြည့်ရှုခဲ့ကြသည်။ အမှတ် (၆၆) အစုန်သည် တိုက်ကြီးဘူတာမှ နံနက် ၆ နာရီ ၄၅ မိနစ်တွင်စတင်ထွက်ခွာပြီး အင်းစိန်ဘူတာသို့ နံနက် ၈ နာရီ ၃၅ မိနစ်တွင် ဆိုက်ရောက်ရာ အမှတ် (၆၅)အဆန် RBE ရထားသည် အင်းစိန်ဘူတာမှ ညနေ ၅ နာရီခွဲတွင် ပြန်လည်ထွက်ခွာပေးမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် ကြားဘူတာများဖြစ်သည့် ပီတောက်တန်း၊ ဖူးကြီး၊ လက်ပံတန်းစု၊ ဝါးနက်ချောင်း၊ မှော်ဘီ၊ လှော်ကားနှင့် တညင်းကုန်းဘူတာတို့၌ အသွားအပြန်ရပ်တန့်ပေးမည်ဖြစ်ပြီး ခရီးစဉ်နှုန်းထားများမှာ အင်းစိန်မှ မှော်ဘီသို့ ငွေကျပ် ၂၀၀ နှင့် အင်းစိန်မှ တိုက်ကြီးသို့ ငွေကျပ် ၃၀၀ သတ်မှတ်ထားကာ ရန်ကုန်မှ မှော်ဘီနှင့် တိုက်ကြီးသို့သွားမည့် ခရီးသည်များသည် အင်းစိန်ဘူတာ၌ စီးနင်းကြရမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# လုပ်ငန်းလုပ်ကိုင်ခြင်းမရှိတော့သည့်စက်ရုံများ အတိအကျသိရှိနိုင်ရန် စာရင်းကောက်ယူ

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းလုပ်ကိုင်ခြင်း မရှိတော့သည့်စက်ရုံများစာရင်းကို အတိအကျသိရှိနိုင်ရန် စာရင်းကောက်ယူလျက်ရှိကြောင်း မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA) မှ သိရသည်။

"လုပ်ငန်းမလုပ်တဲ့စက်ရုံတွေ ဘယ်လောက်ရှိလဲဆိုတာ အတိအကျသိရအောင်လို့ပါ။ ပြီးတော့ စက်မှုဇုန်တွေရဲ့လိုအပ်ချက်တွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့လည်း ပူးပေါင်းဆောင်ရွက်စရာတွေ ရှိနေလို့ပါ။ လမ်းကိစ္စနဲ့ လူမှုဝန်ထမ်းကိစ္စတွေကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြပေးနိုင်ဖို့လုပ်ဆောင်နေပါတယ်" ဟု မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းကပြောသည်။

အဆိုပါစာရင်းကို MIA လက်အောက်ရှိ အသစ်ဖွဲ့စည်းထားသည့် စက်မှုဇုန်ကော်မတီများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရေးကော်မတီက စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်သည်။

စာရင်းဟောင်းများအရ စက်မှုဝန်ကြီးဌာန၌ တရားဝင်မှတ်ပုံတင်ထားသည့် စက်ရုံ ၄၄၀၀၀ ကျော်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန်ပေါင်း ၂၉ ခုတွင် ဇုန် ၂၀ ဝန်းကျင်သာ လုပ်ငန်းလည်ပတ်လုပ်ကိုင်လျက်ရှိကြောင်း စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီများမှ သိရသည်။

လတ်တလော စက်မှုဇုန်များ၌ လစ်လပ်နေသည့် မြေရာနှင့်ဂိုဒေါင်များစာရင်း၊ လျှပ်စစ်မီးသုံးစွဲမှုနှင့် ရေဆိုးရေညစ်စွန့်ထုတ်မှုတို့ကိုလည်း စာရင်းများ လိုက်လံကောက်ခံနေကြောင်း သိရသည်။

လက်ရှိတွင် စက်မှုဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံပိုင်စက်ရုံ ၄၇ ရုံကို ပြည်တွင်းပြည်ပ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ နှစ်တို၊ နှစ်ရှည် ငှားရမ်းလုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်သည်။စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ စက်မှုလုပ်ငန်းများနှင့် စက်ရုံများအားခေတ်နှင့်လျော်ညီပြီး လုပ်ငန်းသဘာဝနှင့် ကိုက်ညီမည့်အမည်သို့ပြောင်းလဲခြင်း၊ လုပ်ငန်းချင်းတူသည့်စက်ရုံငယ်များကို စုစည်း၍စက်ရုံကြီးများ၏ ဖွဲ့စည်းပုံအတွင်းသို့ထည့်သွင်းဖွဲ့စည်းခြင်းနှင့် ဖက်စပ်လုပ်ငန်းတည်ထောင်ဆောင်ရွက်ခြင်းတို့ကို ငှားရမ်းခြင်းပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ **သဲသဲ**


www.facebook.com/themyawadydaily

# PATH မှ ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ချင်းပြည်နယ်အတွင်း အာဟာရဖြည့်ဆန် အခမဲ့ဖြန့်ဖြူးမည်

ဟားခါး ဇူလိုင် ၂၁

PATH နှင့် World Food Programme (WFP) တို့ပူးပေါင်း၍ WFP ၏ အစီအစဉ်ဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ချင်းပြည်နယ်၌ အာဟာရဖြည့်ဆန် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုအခြေစိုက် လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် PATH မှ စီမံကိန်းအရာရှိ ဒေါက်တာဖြိုးဝင်းထွန်း၏ပြောကြားချက်အရ သိရသည်။

ချင်းပြည်နယ်၌ စတင်ဖြန့်ဖြူးမည့် အာဟာရဖြည့်ဆန် တန် ၂၀၀ အတွက် World Food Programme (WFP) က အားဖြည့်ဆန်ထုတ်လုပ်သည့် စက်ရုံများမှ တစ်ဆင့် ပြန်လည်ဝယ်ယူကာ အခမဲ့ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အဖွဲ့အစည်းများကဝယ်ယူရာတွင် စက်ရုံမှ ဖြန့်ချိသည့်ဈေးနှုန်းထက် လျှော့၍ရောင်းချရန်ကိုလည်း ဆန်စက်လုပ်ငန်းရှင်များနှင့် သဘောတူလက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း သိရသည်။

အာဟာရဖြည့်ဆန်တွင် အာဟာရဓာတ်ပါဝင်မှုမြင့်မားစေရန် သံဓာတ်၊ ဗီတာမင် A၊ ဗီတာမင် $B_1$၊ $B_2$၊ $B_6$၊ $B_{12}$၊ ဖောလစ်အက်စစ်နှင့် ဇင့်ဓာတ်အစရှိသည့် ဗီတာမင်နှင့် သတ္တုဓာတ်ရှစ်မျိုးပါဝင်ပြီး အားဖြည့်ဆန်စေ့များထုတ်လုပ်ရာတွင် သမားရိုးကျဆန်နှင့် ၁:၁၀၀ နှုန်းဖြင့် ရောစပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ဖြန့်ဖြူးနေသည့် အာဟာရဖြည့်ဆန်များသည် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၏ထောက်ခံချက်ကို ဖွန်လပိုင်းက ရရှိခဲ့ပြီးဖြစ်သည့်အတွက် စိတ်ချစွာဝယ်ယူစားသုံးနိုင်ကြောင်း သိရသည်။ **နေနေ**



ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ မူခင်းကျူးလွန်မှု ပြဿနာကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက တောင်ငူပညာရေးကောလိပ်၌ကျင်းပခဲ့ရာ တာဝန်ရှိသူများနှင့် စိတ်ဝင်စားသူများတက်ရောက်ကြပြီး ဟောပြောပွဲတွင် တောင်ငူမြို့နယ် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စောသန်းလွင်က မူခင်းကျူးလွန်မှုအကြောင်း ဟောပြောဆွေးနွေးနေမှုကို တွေ့ရစဉ်။ မောင်ရွှေဝင်း(ပြည်)

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ လျှောက်ထားသူများကို ဗဟိုသင်တန်းသားရွေးချယ်ရေးကော်မတီက စစ်ဆေးမှုပြုပြီးမှသာ တက်ရောက်ခွင့်ရမည်

စစ်ကိုင်း ဇူလိုင် ၂၁

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တက်ရောက်ရန် လျှောက်ထားသူများသည် ဗဟိုသင်တန်းသားရွေးချယ်ရေးကော်မတီမှ ပဏာမရွေးချယ်ခံရပါက စိတ်အခြေအနေနှင့် ကျန်းမာရေးစစ်ဆေးမှုခံယူရမည်ဖြစ်ကာ ကျန်းမာရေးကောင်းမွန်မှုသာ တက်ရောက်ရမည်ဖြစ်ကြောင်း ယင်းတက္ကသိုလ်မှ သိရသည်။

အဆိုပါတက္ကသိုလ်သည် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပညာရေးဘွဲ့သင်တန်းအတွက် သွားလာရေးခက်ခဲသည့် ဝေးလံသောဒေသများရှိ သင်တန်းသားများအား ဦးစားပေးရွေးချယ်မည်ဖြစ်ပြီး သင်တန်းဝင်ခွင့်အတွက် တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်နှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တို့တွင် အောင်မြင်သူများလျှောက်ထားနိုင်ပြီး သိပ္ပံနှင့် ဝိပ္ပံဘာသာတွဲအတွက် ရမှတ် ၃၅၀၊ ဝိဇ္ဇာဘာသာတွဲအတွက် ရမှတ် ၃၀၀ နှင့်အထက်ရရှိသူများကို ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပညာရေးဘွဲ့ (B.Ed) သင်တန်းသည် ပညာသင်နှစ်ငါးနှစ်တက်ရောက်ရမည်ဖြစ်ပြီး ဘွဲ့ရရှိပါက ပညာရေးဝန်ကြီးဌာန၏ ဝန်ထမ်းလိုအပ်ချက်အပေါ် မူတည်၍ စေလွှတ်သည့်နေရာဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

လျှောက်ထားသူများသည် မြန်မာနိုင်ငံသားဖြစ်ရမည်ဖြစ်ပြီး နိုဝင်ဘာ ၁ ရက်တွင် အသက် ၁၉ နှစ်ထက်မကြီးဘဲ ကျန်းမာ၍ ရောဂါကင်းရှင်းရမည်ဖြစ်ကာ ကိုယ်အင်္ဂါချို့တဲ့ခြင်း၊ စိတ်ချို့တဲ့ခြင်း၊ စကားမပီသခြင်းနှင့် စကားထစ်ခြင်းများမရှိရဘဲ ဆရာအင်္ဂါရပ် အချက်အလက်တို့နှင့် ပြည့်စုံရမည်ဖြစ်သည့်အပြင် ယောက်ျားလျှာ၊ မိန်းမလျှာ မဖြစ်စေရဘဲ ကိုယ်အလေးချိန်ပေါင် ၂၀၀ ထက်မကျော်သူဖြစ်ရမည်။ အားကစားထူးချွန်သူများကို ဦးစားပေးမည်ဖြစ်သည်။

ဝင်ခွင့်လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အမှတ်စာရင်း (မူရင်း)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်း၊ မြို့နယ်၊ ရပ်ကွက်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများမှ ထောက်ခံချက်များနှင့် မြို့နယ်ကျန်းမာရေးဌာနမှ မြို့နယ်ဆရာဝန်၏ ကျန်းမာကြောင်း ဆေးထောက်ခံစာတို့ဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ပညာရေးမှူးရုံးများသို့ ဩဂုတ် ၃ ရက်နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

**သဲသဲ**

# သစ်ထုတ်လုပ်ငန်းကို မြန်မာ့သစ်လုပ်ငန်း တစ်ခုတည်းကသာ လုပ်ကိုင်ရန် စီစဉ်

နေပြည်တော် ဇူလိုင် ၂၁

သစ်ထုတ်လုပ်သည့် လုပ်ငန်းများကို လာမည့်နှစ်မှစတင်၍ မြန်မာ့သစ်လုပ်ငန်း တစ်ခုတည်းကသာ လုပ်ကိုင်ဆောင်ရွက်သွားရန်စီစဉ်ထားကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမင်း၏ပြောကြားချက်အရ သိရသည်။

မြန်မာ့သစ်လုပ်ငန်းအနေနှင့် သစ်ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍကို ခွင့်ပြုတော့မည်မဟုတ်ကြောင်း၊ သစ်ထုတ်လုပ်ခြင်းကိုလည်း သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့ ညှိနှိုင်းဆောင်ရွက်ကာ လုပ်ကွက်များဖော်ဆောင်၍ လုပ်ကိုင်ဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

မြန်မာ့သစ်လုပ်ငန်း၌ သစ်ထုတ်လုပ်ငန်းလုပ်ဆောင်ရာတွင် အင်အားစုများဖြစ်သော လူ၊ ဆင်နှင့် ယန္တရားတို့မှာ လိုအပ်သောသစ်တန်ပမာဏကိုလိုက်၍ လုံလောက်မှုမရှိခြင်းတို့ကြောင့် ပုဂ္ဂလိကကို အငှားသဘောမျိုးခေါ်ကာ ကန်ထရိုက်ပေး၍ လုပ်ဆောင်စေခြင်းဖြစ်သည်။

သို့ရာတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များက ထုတ်လုပ်နိုင်သည့်ပမာဏထက် ကျော်လွန်ထုတ်လုပ်မှုများလည်း ရှိလာခဲ့သည့်အတွက် လာမည့်နှစ်မှစတင်၍ ပုဂ္ဂလိကကဏ္ဍကို ခွင့်ပြုခြင်းမရှိတော့ဘဲ မြန်မာ့သစ်လုပ်ငန်းတစ်ခုတည်းကသာ လုပ်ဆောင်သွားမည်ဖြစ်သည်။

ထိုသစ်ထုတ်လုပ်ငန်းကို စနစ်တကျကြပ်မတ်ဆောင်ရွက်နေမှုသာမက တရားမဝင်သစ်ထုတ်လုပ်မှုများအတွက်လည်း ဖမ်းဆီးစစ်ဆေးမှုများကို အလေးထားဆောင်ရွက်ခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဇွန်လကုန်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်သစ်တောဦးစီးဌာနမှ တရားမဝင်သစ်ဖမ်းဆီးရမိမှုအပေါ် ပြုစုထားသော စာရင်းများအရ ကျွန်း ၅၈၀၃ ဒသမ ၃၆၇၈ တန်၊ သစ်မာ ၃၀၄၇ ဒသမ ၂၀၃၂ တန်နှင့် တခြားသစ် ၅၄၂၈ ဒသမ ၉၄၇၆ တန်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ထက်နိုင်(စမ်းချောင်း)**

# ရန်ကုန်မြို့ မော်တော်ယာဉ်ဝယ်ရောင်းဈေးကွက်၌ AD Van များ အရောင်းအဝယ်သွက်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်မြို့၌ ၂၀၁၆ ခုနှစ် ဇူလိုင်လဆန်းပိုင်းမှစ၍ အငှားယာဉ်အဖြစ် အသုံးပြုရန်နှင့် ပစ္စည်းများတင်သည့်အခါတွင် အသုံးပြုရန် မော်တော်ယာဉ်ဝယ်ရောင်းဈေးကွက်၌ AD Van များ အရောင်းအဝယ်သွက်နေကြောင်း ဝါရင့်မော်တော်ယာဉ်ဝယ်ရောင်းများထံမှ သိရသည်။

" AD Van က ဘော်ဒီပိုင်းကျယ်တော့ ပစ္စည်းပဲတင်တင်၊ လူပဲစီးစီး များများဝင်ဆံ့ပြီး လူကြိုက်များတယ်။ ပြီးတော့ ဆီစားသက်သာတာကြောင့်လည်း အဝယ်လိုက်လာတာပါ။ ပြန်ရောင်းရင်လည်း တခြားကားတွေလို အရှုံးမရှိနိုင်တာကြောင့် ဝယ်သူများနေတာပါ။ သူ့ဈေးနဲ့သူ့ပစ္စည်းကတော့ တန်ပါတယ်။ ဒီကားတွေအဝယ်လိုက်မှုက နှစ်ကုန်တဲ့အထိဖြစ်လာနိုင်ပါတယ်" ဟု ဝါရင့်မော်တော်ယာဉ်ဝယ်ရောင်း ကိုဇော်နိုင်ကပြောသည်။

လက်ရှိတွင် ရန်ကုန်မြို့မော်တော်ယာဉ်ဝယ်ရောင်းဈေးကွက်အတွင်း AD Van အဝယ်လိုက်ပြီး အရောင်းသွက်နေသောကြောင့် တချို့မှာ နယ်မြို့များအထိ သွားရောက်ဝယ်ယူနေကြကြောင်း သိရသည်။

AD Van ကို ဂျပန်နိုင်ငံရှိ Nissan ကားကုမ္ပဏီမှထုတ်လုပ်ပြီး ငွေကျပ်သိန်း ၁၁၀ ဝန်းကျင်ခန့်သာရှိကြောင်း သိရသည်။

ဈေးကွက်အတွင်း တစ်ပတ်လျှင် အနည်းဆုံး ၁၂ စီးခန့် အရောင်းအဝယ်ဖြစ်နေပြီး ယခုအခါ AD Van နှင့်ပတ်သက်သည့် ဆက်စပ်မော်တော်ယာဉ် အပိုပစ္စည်းများမှာလည်း ပြည်တွင်းဈေးကွက်အတွင်း၌ အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သိရီ**



www.facebook.com/themyawadydaily



# ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေးဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဗြိတိန်နိုင်ငံ အောက်စဖို့တက္ကသိုလ်မှ Pro-vice-Chancellor, Professor Nick Rawlins တို့တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ဇူလိုင် ၂၁

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဗြိတိန်နိုင်ငံ အောက်စဖို့တက္ကသိုလ်မှ Pro - vice-Chancellor, Professor Nick Rawlins တို့သည် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ပညာရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေး၊ ရေနှင့်ပတ်သက်သည့် ပညာရပ်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးရေး၊ ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးဆိုင်ရာ သုတေသနပူးပေါင်းဆောင်ရွက်ရေးနှင့် အင်္ဂလိပ်စာစွမ်းရည်မြှင့်တင်မှုသင်တန်းများပေးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

# ပညာသင်ထောက်ပံ့ကြေးနှင့် ပညာရည်ချွန်ဆုများပေးအပ်

နေပြည်တော် ဇူလိုင် ၂၁

ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဝန်ထမ်းများ၏ သားသမီးများအတွက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက အမှာစကားပြောကြားရာတွင် ယခုပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းသည် ပဉ္စမအကြိမ်မြောက်ဖြစ်ကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ဝန်ထမ်းမိသားစုများ၏ သားသမီးများအတွက် ပညာရေးကိုစဉ်ဆက်မပြတ်အားပေးလျက်ရှိကြောင်း၊ ယခုနှစ်တွင် ဝန်ထမ်းများ၏သားသမီး စုစုပေါင်း ၁၁၈ ဦးအတွက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၂၉ သိန်းကျော်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဥပဒေရုံးများမှ ဝန်ထမ်းများ၏ သားသမီးများအနက် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၅ ဦးအတွက် ပညာရည်ချွန်ဆု ငွေကျပ် ၃၂ သိန်းစုစုပေါင်း ငွေကျပ် ၆၁ သိန်းကျော်ကို ထောက်ပံ့ပေးနိုင်ခဲ့ကြောင်းပြောကြားသည်။




ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ကျောင်းသားမိဘတစ်ဦးထံ ပညာသင်ထောက်ပံ့ကြေးငွေများပေးအပ်စဉ်။

ထို့နောက် ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တို့က ပညာသင်ထောက်ပံ့ငွေများကို ကျောင်းသားမိဘများထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

# စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးများ စာချုပ်နှင့်စပ်လျဉ်းသည့်ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးတို့ပူးပေါင်း၍ စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်နှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ဇူလိုင် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် နေပြည်တော်၌ကျင်းပလျက်ရှိရာ အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်လင်းနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးမှ အကြီးတန်းလူ့အခွင့်အရေးအရာရှိ မစ္စတာ အန်ဒရူးမက်ဂရိုဂါတို့က အဖွင့်အမှာစကားများပြောကြားကြသည်။

ဆွေးနွေးပွဲတွင် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အရှေ့တောင်အာရှဒေသဆိုင်ရာရုံးခွဲ၊ ထိုင်းနိုင်ငံ တရားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပြည်ထောင်စုရှေ့နေချုပ်ရုံးမှကျွမ်းကျင်ပညာရှင်များက ဦးဆောင်ဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲသို့ စာချုပ်နှင့်သက်ဆိုင်သည့်အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့မှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်သို့ မြန်မာနိုင်ငံမှအတည်ပြုပါဝင်ရေးဆောင်ရွက်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးတို့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘက်မှ ကနဦးအဆိုပြု၍ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး၏ပံ့ပိုးမှုဖြင့် အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပခြင်းဖြစ်ပြီး ယင်းဆွေးနွေးပွဲသည် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးတို့အကြား အရေးကြီးသည့်ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှသတင်းရရှိသည်။

(သတင်းစဉ်)

**◆ ရှေ့ဖုံးမှအဆက်**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိအားကစားကျေးရွာ(Gold Camp, Gold Medal Hall)၌ ယနေ့နံနက် ၉ နာရီတွင်ကျင်းပသည့် ပညာရေးဝန်ကြီးဌာန ၂၀၁၆ ခုနှစ် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ) ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထိုသို့ပြောကြားခြင်းဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိဘများသည် သားသမီးများကို အကောင်းဆုံးဖြစ်စေချင်သဖြင့် ကိုယ့်ထက်ပိုပြီးတတ်သော၊ ကိုယ့်ထက်ပိုပြီးကျွမ်းကျင်သော သူများလက်ထဲကို ထည့်၍ သားသမီးများအား ပြုစုပျိုးထောင်လိုသောစိတ်ဓာတ်ဖြင့် ကျောင်းသို့ပို့ခြင်းဖြစ်ကြောင်း၊ မိဘများက ကျောင်းများကိုအားကိုးပြီး လေးစားတန်ဖိုးထားကြကြောင်း၊ ကျောင်းများသည် အမှန်တကယ်အားကိုးထိုက်အောင်၊ လေးစားထိုက်အောင်၊ တန်ဖိုးထားထိုက်အောင် ရှိရဲ့လားဆိုသည်ကို ပညာရေးနှင့်ပတ်သက်ပါဝင်သည့်ပုဂ္ဂိုလ်များအားလုံး စဉ်းစားရမည့်ကိစ္စဖြစ်ကြောင်း၊ ထို့ပြင် ကလေးများဘဝကို ရင်ဆိုင်နိုင်မည့်အခြေအနေကို ပေးနိုင်မည့် ခိုင်မာသောအုတ်မြစ်များ ချပေးနိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်ရဲ့လားဆိုသည်ကိုလည်း စဉ်းစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မူလတန်းပညာကို လွန်စွာအလေးထားပါကြောင်း၊ မူလတန်း သင်ရသည့်အလုပ်သည် အခက်ခဲဆုံးနှင့်အရေးအပါဆုံးဆိုသည်ကို လက်ခံထား၍ဖြစ်ပါကြောင်း၊ အစကောင်းမှအနှောင်းသေချာမည်ဖြစ်သည့်အတွက် အစကောင်းအောင်လုပ်ပေးရသည့် မူလတန်းအဆင့်ဆရာ၊ ဆရာမများနှင့် မူလတန်းပညာသည် အရေးကြီးသည့်အတွက် အခြေခံ၏အခြေခံဟု ပြော၍ရပါကြောင်း၊ သင်ကြားရေးလုပ်ငန်းဆောင်ရွက်နေကြသည့် ဆရာ၊ ဆရာမများအနေဖြင့် မိမိလုပ်ငန်းကို မွန်မြတ်သည့် လုပ်ငန်း၊ နောင်မျိုးဆက်များကို ပြုစုပျိုးထောင်ပေးနေသည့် လုပ်ငန်းဆိုသည့် ယုံကြည်မှုအပေါ် အခြေခံပြီးမှသာလျှင် စေတနာနှင့် သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆက်လက်ပြောကြားရာတွင် ဝါသနာဆိုသည်မှာလည်း အတိုင်းအတာတစ်ခုအထိ အရေးကြီးကြောင်း၊ ကလေးတစ်ယောက်အား ဘာသာစကားတစ်ခုသင်ပေးမည်ဆိုပါက ပထမအလိုအပ်ဆုံးကိစ္စသည် အဆိုပါကလေးအကြောင်းသိရန်အရေးကြီးသကဲ့သို့ သင်ပေးသည့် ဘာသာရပ်အကြောင်းကိုလည်း သိဖို့အရေးကြီးပါကြောင်း၊ မိမိသင်သည့်ကလေးအကြောင်းသိမှသာလျှင် ဘာသာရပ်ကိုပိုင်ပိုင်နိုင်နိုင်ဖြစ်အောင် သင်ပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို သိဖို့လည်းအရေးကြီးပါကြောင်း၊ မိမိသင်နေသည့် တပည့်များအကြောင်းသိရုံသာမက ကိုယ့်အကြောင်းကိုသိပြီး မိမိကိုယ်ကိုလည်း တစ်ချိန်လုံးပြုပြင်လိုသည့်စိတ်ရှိရမည်ဖြစ်ကြောင်း၊ ကျောင်းမှပြဋ္ဌာန်းသည့်စာအုပ်များကိုသာသိရုံ၊ လေ့လာထားရုံနှင့် မလုံလောက်ဘဲ မိမိ၏ ဗဟုသုတအမြင်ကြွယ်ဝကျယ်ပြန့်မှသာ မိမိတပည့်များ၏ ဗဟုသုတအမြင်ကြွယ်ဝအောင်လုပ်ပေးနိုင်မည်ဖြစ်ပြီး စာသင်ချင်အောင် ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် စေတနာနှင့် ဝါသနာရှိပါက အနစ်နာခံခြင်းဆိုသည်မှာ အလိုလိုဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများကိုယ်တိုင် မိမိ၏အလုပ်ကိုကျေနပ်မှုအပြည့်ရှိပြီဆိုပါက အခြေခံပညာရေးစနစ်သည် စေတနာ၊ ဝါသနာ၊ အနစ်နာအပေါ် အခြေခံသည့်စနစ်ဖြစ်ပြီး မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ကျေနပ်နိုင်မည့်ကျေးဇူးတရားနှင့် ဂုဏ်ယူနိုင်၊ လေ့လာနိုင်မည့်ပညာရေးစနစ်ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အခြေခံပညာကဏ္ဍတွင် အခြေခံပညာကျောင်းပေါင်း ၄၅၄၆၁ ကျောင်း၊ ဆရာ၊ ဆရာမများအပါအဝင် ပညာရေးဝန်ထမ်းပေါင်း ၄၃၁၄၄၄ ဦးနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၉ ဒသမ ၂ သန်းခန့် ပညာသင်ယူလျက်ရှိကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ ရက် ၁၀၀ လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ဆရာ၊ ဆရာမများ၊ မိဘပြည်သူများအားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ပညာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရန်အတွက် ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်းပြောကြားပြီး ၂၀၁၆ ခုနှစ် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ)ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နှီးနှောဖလှယ်ပွဲကို စတင်ကျင်းပရာ အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူး ဒေါ်သန်းမြင့်က "သင်ယူတတ်မြောက်မှုစစ်ဆေးခြင်းဆိုင်ရာလေ့လာသုံးသပ်ချက်" စာတမ်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒေါ်ခင်မာဆွေက "ဆရာများ၊ ကျောင်းအုပ်များ၊ ကျောင်းများ၏ စွမ်းဆောင်ရည်အပေါ် အကဲဖြတ်နည်းလမ်းများနှင့် အညွှန်းကိန်းများဆိုင်ရာလေ့လာသုံးသပ်ချက်"စာတမ်းကိုလည်းကောင်း၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတိုးဝင်းက "အခြေခံပညာဆရာ၊ ဆရာမများခန့်ထားရေးဆိုင်ရာ သုံးသပ်လေ့လာတင်ပြချက်" စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ဖတ်ကြားတင်ပြကြသည့် စာတမ်းများကိုအဖွဲ့ငယ်များဖွဲ့၍ ဆွေးနွေးအကြံပြုကြပြီး ပြန်လည်တင်ပြ၍ ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါဆွေးနွေးပွဲကို ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်အထိကျင်းပမည်ဖြစ်ပြီး ဆွေးနွေးပွဲရက်များတွင် စာတမ်းရှင်အသီးသီးက စာတမ်းများဖတ်ကြားတင်ပြကြပြီး တင်ပြသည့်စာတမ်းများအပေါ် အဖွဲ့ငယ်အလိုက်ဆွေးနွေးအကြံပြုခြင်း၊ စုစည်းခြင်း၊ မှတ်တမ်းတင်ခြင်းများပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဝေနမြစ်ရေစိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၁

ဝေနမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁ ပေခွဲခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဝေနမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(၅၀၀)

www.facebook.com/themyawadydaily

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံဂဟေဆက်ခြင်းသင်တန်း ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် မောင်းရမ်းကျေးရွာအုပ်စု ကွမ်းခြံစုကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံဂဟေဆက်ခြင်း သင်တန်းအမှတ်စဉ် (၂/၂၀၁၆)သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးကိုကိုနိုင်က အမှာစကားပြောကြားပြီး ဥတ္တရသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်က သင်တန်းသားများအား သင်တန်းနှင့်ပတ်သက်၍ နေ့စဉ်ပုံမှန်တက်ရောက်ကြရန်နှင့် စိတ်ပါဝင်စားစွာ လေ့လာသင်ယူကြရန် ပြောကြားသည်။

ထို့နောက် မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးပြည့်ဖြိုးအောင်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းဖွင့်ပွဲသို့ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးကိုကိုနိုင်၊ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်၊ ဥတ္တရသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးနိုင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ နည်းပြဆရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ယင်းသင်တန်းသို့ သင်တန်းသား ၂၀ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (၄၁၃)

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကျင်းပ




ဆိပ်ဖြူ ဇူလိုင် ၂၁

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိုက်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်အေးတို့က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲမင်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံသို့ တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ကျေးရွာခုနစ်ရွာအတွက် ငွေကျပ်သိန်း ၂၁၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ဆိပ်ဖြူမြို့နယ်၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ နှစ်ရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ ၁၀ ရွာရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ ခုနစ်ရွာကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာရန်ပုံငွေများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စိုးလင်းနိုင်**

## သဇင်(FM)အသံလွှင့်အစီအစဉ်

**၂၂-၇-၂၀၁၆(သောကြာနေ့)**

| | | |
|---|---|---|
| ၁။ | ၀၇:၀၀ | Thazin Morning Review & Sports |
| ၂။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၃။ | ၁၀:၀၀ | Birthday Wish |
| ၄။ | ၁၂:၁၅ | Listener Choice |
| ၅။ | ၁၄:၀၀ | ချစ်ခြင်းရဲ့ နှစ်ပတ်လည် |
| ၆။ | ၁၄:၃၀ | ဟာသကမ္ဘာ |
| ၇။ | ၁၅:၀၀ | နှလုံးသားထက်က စာမျက်နှာများ |
| ၈။ | ၁၇:၂၀ | ဂုဏ်ယူအလွမ်း |

## ရပ်ရွာအခြေပြုကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသင်တန်းဖွင့်လှစ်

ကန့်ဘလူ ဇူလိုင် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ရပ်ရွာအခြေပြုကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသင်တန်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစိုးသန်းက သင်တန်းဖွင့်လှစ်ခြင်းမှာ မြို့နယ်အတွင်းရှိ ရပ်ရွာများတွင် ကာကွယ်စောင့်ရှောက်မှုလိုအပ်သောကလေးများဖြစ်သည့် လျစ်လျူရှုခံရသောကလေးသူငယ်များ၊ စွန့်ပစ်ခြင်းခံရသောကလေးသူငယ်များ၊ လွဲမှားစွာပြုကျင့်ခြင်းခံရသောကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ လမ်းပေါ်မှ ကလေးများ၊ သက်ဆိုင်ရာတရားရုံးများတွင် ပြစ်မှုနှင့်ရင်ဆိုင်နေရသောကလေးငယ်များအား ထိရောက်လျင်မြန်စွာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းလုပ်ငန်းများတွင် စိတ်ပါဝင်စားသူသင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်လျက်ရှိသည်။

သင်တန်းတွင် လူမှုဝန်ထမ်းလုပ်ငန်းကြီး (၈)ရပ်၊ CRC ပေါ်ပေါက်လာပုံ၊ Child Law ကလေးသူငယ်များအား လျစ်လျူရှုခြင်း၊ အကြမ်းဖက်ခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ ကလေးသူငယ်ကြီးကြပ်ရေးလုပ်ငန်း၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအား ရောင်းဝယ်မှုမှကာကွယ်ရေးလုပ်ငန်း၊ ကလေး/ဆယ်ကျော်သက်စိတ်ပညာ၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ကလေးသူငယ်မွေးစားခြင်းသဘောသဘာဝ၊ လူငယ်နှင့်ကင်းထောက်လုပ်ငန်းတာဝန်များ၊ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ လူငယ်ထုနှင့် ရပ်ရွာလူမှုရေးလုပ်ငန်းဘာသာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသင်တန်းသည် ရပ်ရွာအခြေပြု ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကို အထောက်အကူပြုပေးမည့်အပြင် မြို့နယ်အတွင်းဖြစ်ပွားသည့် လူမှုရေးပြဿနာများကို ကြိုတင်ကာကွယ်ခြင်း၊ ပြန်လည်ထူထောင်ပေးခြင်းလုပ်ငန်းများတွင်ပါ အကျိုးပြုနိုင်မည်ဖြစ်ပြီး သင်တန်းသားလူငယ်အချင်းချင်း ရင်းနှီးမှုရှိခြင်း၊ မိမိရပ်ရွာ၏လူမှုရေးကိစ္စရပ်များကို မိမိကိုယ်တိုင်ဖြေရှင်းဆောင်ရွက်လာနိုင်မည်ဖြစ်သောကြောင့် စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများဖြင့် ပူးပေါင်း၍ သင်တန်းကို ကြီးကြပ်ဆောင်ရွက်ခြင်းဖြစ်သည်။

ထို့ပြင်စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊ ဘုတလင်၊ ချောင်းဦး၊ အရာတော်၊ ရွှေဘို၊ ဝက်လက်၊ ရေဦး၊ ခင်ဦး၊ ဒီပဲယင်း၊ တန့်ဆည်၊ ကန့်ဘလူ၊ ကျွန်းလှ၊ ယင်းမာပင်၊ ပုလဲ၊ ကနီ၊ ဆားလင်းကြီးမြို့နယ်တို့၌လည်း အဆိုပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ဂန့်ဂေါမြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ မေဂျာပေါင်းစုံအားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ




ဂန့်ဂေါ ဇူလိုင် ၂၁

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း အားကစားကွင်း၌ ယမန်နေ့ ညနေ ၄ နာရီက မေဂျာပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်သန့်က အမှာစကားပြောကြားပြီး ဂန့်ဂေါခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဒေါ်နွဲ့က အားကစားအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြား၍ ကျောင်းအုပ်ဆရာကြီးထံ အားကစားပစ္စည်းများပေးအပ်လှူဒါန်းသည်။

ထို့နောက် အားကစားပြိုင်ပွဲ ဖွင့်ပွဲအဖြစ် EP ဘောလုံးအသင်းနှင့် EC ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ယင်းအားကစားပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်မှ ၂၉ ရက်အထိ အမျိုးသားဘောလုံးအသင်းလေးသင်း၊ အမျိုးသမီးဖူဆယ်ဘောလုံးအသင်း လေးသင်း၊ ခြင်းလုံးအသင်း ရှစ်သင်းတို့က ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အားကစားပြိုင်ပွဲကို စာတွေ့လက်တွေ့အပြင် အချင်းချင်းပူးပေါင်းဆောင်ရွက်မှုမြင့်တင်စေရန်၊ ခေါင်းဆောင်မှုအရည်အသွေးမြင့်မားစေရန်၊ ကျန်းမာကြံ့ခိုင်သူများဖြစ်လာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း အားကစားပြိုင်ပွဲကျင်းပရေးအဖွဲ့ဝင် ဆရာတစ်ဦး၏ပြောပြချက်အရ သိရသည်။ **တောင်သားမောင်သန်း**

## ဇမ္ဗူသီရိမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

နေပြည်တော် ဇူလိုင် ၂၁

အမှတ်(၁) လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့စု နေပြည်တော်က ကြီးမှူး၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၂၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ အမှတ်(၂၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သူဇာကိုက လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု နေပြည်တော်မှ ဒုတိယရဲမှူး မင်းနိုင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ အမှတ်(၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု နေပြည်တော်မှ ဒုတိယရဲမှူးမင်းနိုင်၊ အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသူများနှင့် ကျောင်းသား၊ ကျောင်းသူ ၃၇၅ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**ခင်ဇော်(မင်္ဂလာ)**

www.facebook.com/themyawadydaily



# တာချီလိတ်ခရိုင်အတွင်း ဆိုလာပြား ၂၀၀၀ ကျော်တပ်ဆင်ပေးမည်

တာချီလိတ် ဇူလိုင် ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင်အတွင်းရှိ ကျေးရွာပေါင်း ၁၀၀ အတွက် အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်တို့၏ကူညီမှုဖြင့် ဆိုလာပြား ၂၀၀၀ ကျော်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တပ်ဆင်သွားရန် ပြင်ဆင်လျက်ရှိကြောင်းနှင့် တပ်ဆင်ပေးပြီးပါက ပစ္စည်းတန်ဖိုးအပေါ် ငွေကြေးအနည်းငယ်ကောက်ခံမည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

တာချီလိတ်ခရိုင်အတွင်းပါဝင်သည့် မိုင်းယောင်းမြို့နယ်မှ ကျေးရွာသုံးရွာအတွက် ဆိုလာပြား ၂၄၇ ပြား၊ မိုင်းဖြတ်မြို့နယ်မှ ကျေးရွာ ၁၀ ရွာအတွက် ဆိုလာပြား ၂၉၄ ပြားနှင့် တာချီလိတ်မြို့နယ်မှ ကျေးရွာ ၉၅ ရွာအတွက် ဆိုလာပြား ၂၀၆၁ ပြား တပ်ဆင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း တာချီလိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထွန်းထံမှ သိရသည်။

တာချီလိတ်ခရိုင်အတွင်းရှိ မြို့နယ်သုံးမြို့နယ်က NEP ဆိုလာများတပ်ဆင်မည့် ကျေးရွာပေါင်း ၁၀၈ ရွာရှိပြီး အိမ်ခြေပေါင်း ၄၇၂၅ အိမ်မှ လူဦးရေ ၂၁၇၃၄ အားအကျိုးပြုနိုင်မည်ဖြစ်ကာ ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သိန်းပေါင်း ၁၅၀၀ ခန့်ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

(၄၁၁)

# ပဲခူးမြို့ရှိ ဖဲဖောင်တော်ကွင်း အမှိုက်စွန့်ပစ်ကုန်းအား စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဆောင်ရွက်



ပဲခူး ဇူလိုင် ၂၁

ပဲခူးမြို့ နန်းတော်ရာရပ်ကွက်နှင့် ကတွင်းခြံကျေးရွာအုပ်စုအကြားရှိ ဖဲဖောင်တော်ကွင်းအမှိုက်စွန့်ပစ်ကုန်းမှာ နေ့စဉ်အမှိုက်များလာရောက်စွန့်ပစ်မှုကြောင့် ကြီးမားလာကာ လူသွားလမ်းပင် ကွယ်ပျောက်ခဲ့သဖြင့် ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများသည် ယမန်နေ့က စက်ယန္တရားကြီးများဖြင့် ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးခိုင်ကျန်ထန်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဝင်းမောင်မောင်တို့ ဦးဆောင်၍ သန့်ရှင်းရေးဝန်ထမ်းများနှင့်အတူ စက်ယန္တရားကြီးများဖြင့် အမှိုက်များဘေးပတ်ဝန်းကျင်သို့ လွင့်စဉ်မှုမရှိစေရေးအတွက် ရှင်းလင်းပေးပြီး ပြည်သူများသွားလာမှုလွယ်ကူစေရေးအတွက် လူသွားလမ်းကို ဖောက်လုပ်ပေးကြရာ လုပ်ငန်းဆောင်ရွက်နေမှုကို အင်ဂျင်နီယာမှူး ဦးပြည်ကျော်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်နိုင်တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(၄၀၀)

# ကိုယ့်ဘဝလမ်း ကိုယ်လျှောက်လှမ်း

➤ တရားသဘော စောကြောသိစေ
အချိန်တွေကို ငါလေသည်နေ့
ဘယ်ရွှေ့ဘယ်မျှ စစ ထိုထို
ပြုပြီးဆိုတာ သူငါတွေးတောဆင်ခြင်ပါ။
➤ မပြုသေးလျှင် ဆင်ခြင်ယခု
အမြန်ပြုကာ ကောင်းမှုထပ်ခါ
မကြာမနေး အပြေးယခု
ပြုနိုင်ခဲ့လျှင် သင့်တွင်ကုသိုလ်များမည်သာ။
➤ လူသားများစွာ တို့သူငါတွင်
ဟိုမှာသောင်ကမ်း နိဗ္ဗာန်လမ်းသို့
လျှောက်လှမ်းနိုင်သူ လူနည်းနည်းသာ
ရှိနေပါမို့ ကိုယ့်ဖို့ကိုယ်တိုင်ကျင့်ကြံပါ။
➤ များလှသူငါ လူတကာတို့
သည်မှာသောင်ကမ်း သံသရာလမ်းမှာ
ပြေးကာလွှားကာ စုန်ဆန်ကာဖြင့်
ကာလရှည်ကြာ နေရတာကိုသတိပြုပါ။
➤ ဆွေမျိုးသားချင်း သူငယ်ချင်းမျှ
ကူ၍မရပါ ကိုယ့်ဘဝလမ်း
ကိုယ်လျှောက်လှမ်း၍ ပန်းတိုင်အရောက်သွားရမှာ။
ကိုယ့်ဖို့ကိုယ်လုပ် ကိုယ်အားထုတ်မှရမည်သာ။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)

# စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းဖွင့်လှစ်

ဖားဆောင်း ဇူလိုင် ၂၁

ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်း အမှတ်စဉ်(၄/၂၀၁၆)ကို ယမန်နေ့က ဖားဆောင်းမြို့နယ် ခဲမဖြူကျေးရွာ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူနှင့် ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောဒီးဒီက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းနည်းပြနှစ်ဦးဖြင့် သင်တန်းကာလ ၁၅ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းဖွင့်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူ၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောဒီးဒီ၊ သင်တန်းသားသင်တန်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၄၀၅)

# အခြေခံပန်းအလှ ပြုပြင်မှုသင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အခြေခံပန်းအလှပြုပြင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၁၆)ကို ဩဂုတ် ၈ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ဂျပန်ပန်းအလှပြုပြင်နည်း(အီကေဘာနာ)၊ ရိုးရာပန်းအလှပြုပြင်နည်းများကို နေ့စဉ်မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ သင်တန်းကြေးအဖြစ်ငွေကျပ် ၃၅၀၀၀ သတ်မှတ်ထားပြီး စိတ်ပါဝင်စားသူများအနေဖြင့် ဖုန်း- ၀၉-၂၅၄၃၁၉၅၃၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

**မြတ်နိုး(လှိုင်)**

# ခရိုင်အုပ်ချုပ်ရေးမှူးဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးအပ်ပွဲကျင်းပ

မြိတ် ဇူလိုင် ၂၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြို့မအားကစားကွင်း၌ ယမန်နေ့ ညနေ ၅ နာရီ ၄၅ မိနစ်က မြိတ်ခရိုင်အုပ်ချုပ်ရေးမှူးဖလား အသက် ၂၁ နှစ်အောက် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးအပ်ပွဲအခမ်းအနားကျင်းပသည်။

ပြိုင်ပွဲတွင် ဗိုလ်လုပွဲစဉ်အဖြစ် မြိတ်တက္ကသိုလ်အသင်းနှင့် စတီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စတီးယားအသင်းက ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရဗိုလ်စွဲသည်။

ထို့နောက် ဆုပေးပွဲကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်း၊ မြိတ်တက္ကသိုလ်ပါမောက္ခချုပ်ဒေါ်စီစီလှဘူးနှင့် တာဝန်ရှိသူများက ဆုရရှိသည့်အသင်းမှ အားကစားသမားများကို ဆုများအသီးသီးပေးအပ်ကြသည်။

အဆိုပါပြိုင်ပွဲကို ဇူလိုင် ၁၀ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်း ခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

(၄၁၂)

# ကျောင်းဝန်းကျင်အတွင်း မူးယစ်ဆေးဝါး ရာဇ္ဇဝတ်မှုကင်းစင်ရေး ပညာပေးဟောပြော

မြစ်ကြီးနား ဇူလိုင် ၂၁

မြစ်ကြီးနားမြို့ရှိ အခြေခံပညာကျောင်းများ၌ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှတာဝန်ရှိသူများပူးပေါင်းကာ ကျောင်းသား၊ ကျောင်းသူများ ဆေးလိပ်နှင့်ဆေးရွက်ကြီးအန္တရာယ်မှအစပြု၍ ကျောင်းဝန်းကျင်အတွင်း မူးယစ်ဆေးဝါးရာဇ္ဇဝတ်မှုကင်းစင်ရေး အသိပညာပေးဟောပြောပွဲများကျင်းပလျက်ရှိရာ ယနေ့ နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ အဆိုပါအသိပညာပေးဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးပညာအရာရှိ ဦးဝင်းအောင်မော်က မူးယစ်ဆေးဝါးအစဆေးလိပ်ကဆိုသကဲ့သို့ မူးယစ်ဆေးဝါးသုံးစွဲသူ ရာဇ္ဇဝတ်မှုကင်းပါးသည် ဆေးလိပ်ကိုအစမ်းထွင်သောက်ကြည့်ရာမှအစပြုခဲ့ပြီး ထိုမှတစ်ဆင့်အဆင့်မြင့်ကာ မူးယစ်ဆေးဝါးအမျိုးမျိုးကိုသုံးစွဲလာခဲ့ကြကြောင်း ပြောကြားသည်။

ထို့နောက် ဦးဝင်းအောင်မော်က မူးယစ်ဆေးဝါး စွဲလမ်းသူတို့တွင်ဖြစ်ပွားတတ်သည့် ရောဂါလက္ခဏာများအကြောင်းကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန အာဟာရကျွမ်းကျင်သူ ဒေါ်မိုးမမအေးက လူငယ်နှင့် ပြည့်ဝသည့်အာဟာရစားသုံးရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျောင်းကျန်းမာရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခိုင်စုမော်က ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေပါစာအုပ်မှ ကျောင်းသား၊ ကျောင်းသူများ သိထားသင့်သည့်များကိုလည်းကောင်း အသီးသီး ရှင်းလင်းဟောပြောကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများကသိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး အခမ်းအနားသို့ဆရာဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၇၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။

(၄၀၃)

www.facebook.com/themyawadydaily

ယမန်နေ့မှအဆက် >

အခန်းဆက်ဝတ္ထု

# ကျွန်တော်ကျင်လည်ခဲ့ရသော မြန်မာနှင့်ကမ္ဘာ

သုရထွန်းတင်

**နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ Political, Social-Economy ဟာ တချို့သောနိုင်ငံများက နိုင်ငံရေးကိုအသားပေး၊ တချို့သောနိုင်ငံများကလူမှုရေးကိုများများကြည့်၊ တချို့က စီးပွားရေးကို ဦးစားပေးနဲ့ လုပ်နေကြတာ တစ်ဖက်ကအားသန်လာရင် တစ်ဖက်က အားလျော့စမြဲပေါ့။ ဒီလိုဆိုရင်.....**

## မြောက်ပိုင်းရှမ်းပြည်နယ်တစ်ခွင် စစ်ဆင်ရေးများ

ကမ္ဘာဦးက ရှိနေတဲ့ပြည့်တန်ဆာစနစ်သည်လည်း လက်တွေ့နှင့် ပြည့်တန်ဆာပပျောက်ရေးဆိုသည်မှာ လက်တွေ့အားဖြင့် မတွေ့မြင်ရပါ။ သူတို့ မြို့ကြီးပြကြီးတွေမှာ မီးနီရပ်ကွက် Red Light Area ဆိုပြီး ဖြောင်ထားပေးနေရသည်များရှိသည်။ တချို့နေရာများမှာလည်း ဆရာဝန်များနှင့်ထားနေတော့ Tourist Industry အတွက်မှာ အထောက်အကူဖြစ်နေပြန်သည်။ ဆိုလိုသည်မှာ တစ်ခုကကောင်းနေလျှင် တစ်ခုကတော့ မကောင်းတာလေးတို့သည် ရှိနေကြသည်ဆိုသည်မှာ ဥပဒေသတစ်ခုကဲ့သို့ ဖြစ်နေသည်။ ကျွန်တော့်မှာလည်း ငယ်စဉ်ကပင် ဟိုတစ်တို၊ ဒီတစ်တိုဖတ်ထားပြီး အခြေအနေအရ ကောလိပ်ကျောင်းပြီးသည်အထိ မတက်နိုင်တော့ဘဲ မြေအောက်တော်လှန်ရေးမှစတင်ပြီး ကျောင်းသား သခင်ဘဝနှင့် နိုင်ငံတော်လွတ်မြောက်ရေး၊ လွတ်မြောက်ပြီးနိုင်ငံတော်ကို ကာကွယ်ထိန်းသိမ်းရင်း ဒီအဆင့်ထိ ရောက်လာရခြင်းဖြစ်သည်။

အဲဒီတော့ မသေသေးလို့ ဒီအသက်အရွယ်ရောက်လာတော့တောင်တွေး၊ မြောက်တွေးတော့ တွေးလာမိသည်။ တစ်နေ့သောအခါ ရှမ်းပြည်နယ်တောင်ပိုင်း မဲနယ်တောင်တန်းစစ်ဆင်ရေးတွင် တစ်ညနေ၌ နေလေးချိုနေတုန်း သူရဂျမ်ဘိုဆိုသည့် သူရဘွဲ့ရသည့်ပဋ္ဌာန်လူမျိုးတပည့်ရင်းကို Carbine သေနတ်ကိုင်ခိုင်းပြီး ဆရာတပည့်နှစ်ယောက် ရွာစပ်က ဘုရားတောင်ကုန်းလေးပေါ် တက်၍ ဘုရားရှိခိုးနေခဲ့သည်။ မိုးလေးတဖြောက်ဖြောက်ရွာပြီး ကျောပိုးအိတ်ထဲမှာပါလာသည့် ဆယ်စောင်တွဲထဲမှ ပရိတ်တော်များကို ရွတ်နေခဲ့သည်။ ပြီးတော့ Alex Josey ရေးတဲ့ Asian Socialism စာအုပ်လေးကိုဖတ်ကြည့်ပြီး စဉ်းစားနေလိုက်တာ နေမဝင်ခင်တွင်ပါသည့် ကလောင်တံလေးနှင့် Equilateral Triangle ခြစ်လိုက်သည်။ ၎င်းထောင့်ညီ သုံးခုကိုထိသည့် Circle ကိုလည်း ရေးမိလိုက်သည်။ စက်ဝိုင်း၏အလယ် Centre ကနေ ထောင့်ညီတစ်ခုစီသို့ Radius ရေးခြစ်လိုက်တော့သုံးဘက်ညီတြိဂံပေါ်လာပြီး Centre ကနေ ဆွဲလိုက်သည့်အခါ ပုံသဏ္ဌာန်သည် ယခုကဲ့သို့ပေါ်လာသည်။

ဒီလို လူ့ဘဝရဲ့လူတွေအတွက် တွေးခေါ်ပြီးထားတဲ့ အဓိကဘာသာရပ်ကြီးသုံးရပ်ကို အခြေခံပြီး စဉ်းစားလိုက်တော့ ကမ္ဘာကြီးကို ကောင်းသထက်ကောင်းအောင် Lasting Peace လို့ခေါ်သည့် အကောင်းဆုံးဖြစ်အောင်နှင့် တွေးခေါ်ချက်တွေကို မိမိခေါင်းထဲတွင် ဆက်တိုက်ပေါ်လာသည်။

ငါလည်းတပ်မတော်ထဲဝင်ခဲ့တာ တိုင်းပြည်လွတ်လပ်ရေးရဖို့ကအဓိက အမျိုးဘာသာ သာသနာအတွက်လည်းပါနေသည်။ လူ့လောကကြီး၏အေးချမ်းသာယာမှုကလည်း ပါနေသည်။

ငါ ၁၉၄၂ ခုနှစ်ကနေ နိုင်ငံတော်ဘက်က တိုက်လာရတာ ခုထိလည်းတိုက်နေရတုန်းပါလား။ အဲဒီအချိန်မှာ ဒုတိယဗိုလ်မှူးကြီးဖြစ်ပြီး တပ်ရင်းမှူး ခ. လ. ရ တပ်ရင်း အမှတ်(၄)ဆိုတော့ ၁၉၅၇ ခုနှစ်ထဲတောင်ရောက်လာပြီ။ ငါတို့ချစ်သည့်တိုင်းပြည် ဘယ်လောက်များကောင်းလာပြီလဲ။ လိုချင်တဲ့လွတ်လပ်ရေးတော့ ၁၉၄၈ ခုနှစ်က ရလာခဲ့သည်။ ခုထိ အချင်းချင်းတိုက်နေရတာနဲ့ပဲ တိုင်းပြည်ထူထောင်ရမည့်လုပ်ငန်းတွေသည် ဟာနေတုန်းပါလား။ ဆိုရှယ်လစ်လမ်းစဉ်ထူထောင်ဖို့ တက်လာကြသည့်အဖွဲ့တွေကလည်း ပီပီပြင်ပြင်မဖြစ်သေး။ အင်း ခုထိတော့ ကိုယ့်ရည်ရွယ်ချက်မရောက်တတ်သေးဘူးပေါ့လေ။ တွေးနေတာ တွေးနေတာ။ တို့ကမ္ဘာကကောပြေလည်နေကြပြီလား။ ဒုတိယကမ္ဘာစစ်ပြီးကတည်းက Cold War ဆိုပြီး စစ်အေးတွေဟာ ပုံစံအမျိုးမျိုးတို့နှင့် Psy:-War, War of Words တွေလုပ်ပြီး စစ်ပွဲလေးတွေ ဟိုတစ်နေရာ၊ ဒီတစ်နေရာဖန်တီးနေလာကြပြန်တော့ ကိုယ်လည်းမပြေလည်သေးဘူး။ သူတို့လည်း မပြေလည်ကြသေးပါလား။

အဲဒီတော့ ဘာကြောင့် ဒီလိုမပြေမလည်တွေဖြစ်နေကြတာလဲ။ စကွဲတော့ ငါထင်တဲ့စက်ဝိုင်းထဲက တြိဂံသုံးဖက်ညီထောင့်ညီနှင့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး Political, Social-Economy ဟာ တချို့သောနိုင်ငံများက နိုင်ငံရေးကိုအသားပေး၊ တချို့သောနိုင်ငံများက လူမှုရေးကိုများများကြည့်၊ တချို့က စီးပွားရေးကို ဦးစားပေးနဲ့ လုပ်နေကြတာ တစ်ဖက်ကအားသန်လာရင် တစ်ဖက်က အားလျော့စမြဲပေါ့။ ဒီလိုဆိုရင် ဒီသုံးခုဖြစ်တဲ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးတို့ဟာ အတတ်နိုင်ဆုံး ညီညီမျှမျှ လုပ်လာနိုင်ကြမယ်ဆိုရင်တော့ တစ်ဖက်စောင်းနင်းမဖြစ်တော့ဘဲ ပါရှုကြီးတွေဟာ Regulation တွေလုပ်ပြီး ကာလ ဒေသ အလျှံ ခန့်နှင့်ကိုက်ညီတဲ့ စီမံခန့်ခွဲရေးတွေနှင့် လုံခြုံရေး၊ ကာကွယ်ရေးတွေကိုပါ Country Wise တိုင်းပြည်လိုက်၊ Regional Wise ဒေသကြီးများလိုက်၊ တိုက်ကြီးများလိုက်ခြုံပြီး Global ကမ္ဘာတစ်ခုလုံးဟာ Narrow Minded Nationalism ကို အတတ်နိုင်ဆုံး တစ်စထက်တစ်စ ဖြေဖျောက်ပြီး ၁၉၁၄-၁၉၁၈ ခုနှစ်များတွင် သမိုင်းတခါးသီးတဲ့ ပထမကမ္ဘာစစ်အနိဋ္ဌာရုံတွေကို ပြန်လေ့လာကြပြီး စစ်ဖြစ်တဲ့ကပ်ကြီးတစ်ခု ဆိုက်ရောက်ပြီးလျှင် မွန်မြတ်သည့် League of Nation ကြီးပေါ်ပေါက်လာခဲ့ဖူးသည်။ ပြီးခဲ့သည့် ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားပြီးနောက် United Nation ဟုခေါ်သည့် ကုလသမဂ္ဂကြီးသည် ပေါ်ပေါက်လာပြန်သည်။ ဒီတစ်ခါတော့ ၎င်းအဖွဲ့ကြီး၏အခြေအနေသည် မည်ကဲ့သို့သောအခြေအနေတွင်ရှိမည်ဖြစ်စေ၊ H.E Mr.Winston Churchill တို့၊ အမေရိကန်သမ္မတ H.E Mr.Roosevert တို့၊ ရုရှားသမ္မတကြီး H.E Mr. Stalin တွေ့ဆုံပြီး မွန်မြတ်စွာပေါက်ဖွားလာသည့် United Nation ကြီးသည် မည်သည့်အခြေအနေတွင် ရှိသည်ဖြစ်စေ၊ ပျက်မသွားစေဘဲ ကျားကန်ထားဖို့လိုသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

## မိုးညှင်းမြို့၌ နာနတ်သီးများအရောင်းအဝယ်ကောင်းလျက်ရှိ

မိုးညှင်း ဇူလိုင် ၂၁

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့၌ မိုးရာသီ ရာသီစာနာနတ်သီးများ တစ်ပိုင်တစ်နိုင် အရောင်းအဝယ်ကောင်းလျက်ရှိပြီး စားသုံးသူများကလည်း အကြိုက်တွေ့လျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ မိုးညှင်းမြို့ပေါ်မှာကတော့ အရင်နှစ်တွေနဲ့မတူတော့ဘူး။ ရာသီစာအသီးအနှံစားသုံးသူတွေ တဖြည်းဖြည်းများလာတယ်။ မိုးဦးကျချိန် သရက်သီးတွေကို စားသုံးသူများတဲ့အတွက် မန္တလေး၊ ရွှေဘို၊ ရွာထောင်ဘက်ကထွက်တဲ့သရက်သီးတွေကို အလုအယက်ဝယ်ယူစားသုံးကြပါတယ်။ အခုလို ဝါဆိုလပြည့်ကျော်နောက်ပိုင်းရောက်တော့သရက်သီးတွေက တုံးစပြုလာပြီဆိုတော့ ရာသီစာအနေနဲ့ နာနတ်သီးတွေဘက်ကို စားသုံးမှုပိုလာတာတွေ့ရတယ်။ ပေါ်ဦးပေါ်ဖျားဆိုတော့ ဈေးကောင်းရတာပေါ့။ မိုးညှင်းနယ်ဘက်မှာတော့ အခုချိန် အထွက်နည်းလို့ မြစ်ကြီးနားဒေသထွက်တဲ့နာနတ်သီးတွေက အရောင်းအဝယ်ကောင်းနေတာပါ။ မြစ်ကြီးနားမှာ တစ်လုံးကို ငွေကျပ် ၅၅၀၊ ၆၀၀ အထိ ဖောက်သည်ဝယ်ပြီး မိုးညှင်းမြို့ပေါ်မှာ ငွေကျပ် ၁၀၀၀ ရောင်းရပါတယ်။ ဖောက်သည်က များများယူရင် ငွေကျပ် ၈၀၀ နဲ့ ရောင်းချပေးပါတယ်။ ဖောက်သည်ပေးတဲ့အရောင်းဆိုင် ၂၀ လောက်ရှိပါတယ်။ အရောင်းအဝယ်ဖြစ်ထွန်းတဲ့အတွက် မိသားစုရဲ့တစ်ပိုင်တစ်နိုင်ဝင်ငွေရရှိပါတယ်"ဟု မိုးညှင်းမြို့ ဘူတာလမ်းမှ နာနတ်သီးသည်တစ်ဦးက ပြောသည်။

**နီတိုး**



## မှုခင်းကျဆင်းရေး တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

စစ်တွေ ဇူလိုင် ၂၁

ရခိုင်ပြည်နယ် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်အတွင်း မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ ဒေသခံများနှင့်တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်နယ်/ခရိုင်/မြို့နယ်များမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင်က ရခိုင်ပြည်နယ်အတွင်း မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်လျော့ကျစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအား ပြည်သူများအနေဖြင့် တိကျစွာလိုက်နာနိုင်စေရေး၊ ယာဉ်အန္တရာယ်လျော့ပါးစေရေးတို့နှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိသည့်နေရာများတွင် ပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို ဌာနအလိုက် ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။

(၄၀၈)

## စိုက်ပျိုးရေးတိုးချဲ့ပညာပေးနှင့်ပြည်သူ့ဆက်ဆံရေးသင်တန်းဆင်း အောင်လက်မှတ်ပေးအပ်

ဘားအံ ဇူလိုင် ၂၁

ကရင်ပြည်နယ် ဘားအံမြို့တွင် စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး အသိပညာ၊ အတတ်ပညာများ ဖြန့်ဖြူးပေးနိုင်ရန် လိုအပ်ချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနက ဖွင့်လှစ်ခဲ့သော တိုးချဲ့ပညာပေးနှင့် ပြည်သူ့ဆက်ဆံရေးသင်တန်းဆင်းပွဲကို ယနေ့ နံနက် ၈ နာရီတွင် စက်မှုသီးနှံရုံး စိုက်ပျိုးရေးသင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်အစိုးရအဖွဲ့ဝင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များကိုပေးအပ်ရာ သင်တန်းသားများကိုယ်စား စက်မှုလယ်ယာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝင်းမြင့်ဦးက လက်ခံရယူသည်။ ထို့နောက် သင်တန်းသားတစ်ဦးက သင်တန်းအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ စိုက်ပျိုးရေး၊ မြေစာရင်း၊ ရေအရင်းအမြစ်၊ စက်မှုလယ်ယာဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၃၂ ဦးတက်ရောက်ကြပြီး သတင်းစာအခြေခံ၊ တောင်သူများနှင့် တိုးချဲ့ပညာပေးသတင်းအရေးပါမှု၊ Extension & Rural Science နှင့် တိုးချဲ့ပညာပေးဝန်ထမ်းကျင့်ဝတ်များ၊ ခရီးသွားဆောင်းပါးနှင့် လယ်ယာကဏ္ဍအခြေခံဆောင်းပါးရေးသားခြင်း၊ လယ်ယာသတင်းနှင့် ကိန်းဂဏန်းအချက်အလက်ရေးသားတင်ပြခြင်း၊ ပြည်သူ့ဆက်ဆံရေးပညာနှင့် နိုင်ငံပိုင်သတင်းစာများ၊ လူမှုဆက်ဆံရေးနှင့်သတင်းအရေးပါမှု၊ သတင်းစာနှင့် ဂျာနယ်များသို့ သတင်းရေးသားပေးပို့မှု၊ နှစ်ရှည်ပင်များ၏သဘောသဘာဝနှင့် တိုးချဲ့ပညာပေးဝန်ထမ်းများ၏အရေးပါမှု၊ တောင်သူများ၏သဘောသဘာဝ အစရှိသည့်ဘာသာရပ်များကို သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ ရက်သတ္တပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်**

www.facebook.com/themyawadydaily



# လွန်ကြူးရင်ဆားတိုး ရှောင်ကြဉ်ရင်ရေတိုး

**ရေကနည်းပြီး ဆားကများနေလျှင် ၎င်းရေသည် သောက်မရအောင်ငန်နေပေလိမ့်မည်။ ရေကများသွားပြီဆိုလျှင် ဆား၏အစွမ်းသတ္တိမထင်ရှားတော့သဖြင့်ရေသည်လည်း မငန်တော့ပေ။သောက်လိုက သောက်နိုင်၏။ ထိုဥပမာအတိုင်းပင် အကုသိုလ်သည်လည်း နည်းနည်းလေးဖြစ်စေ သူ့အစွမ်းသတ္တိအပြည့်ရှိနေသည့်အတွက် ဆင်းရဲဒုက္ခအကျိုးကို·····**

ကုသိုလ်နှင့်အကုသိုလ်သည် ပါဠိစကားလုံးများဖြစ်သော်လည်း ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများအသုံးများသော စကားလုံးနှစ်လုံးဖြစ်ပါ၏။ အဓိပ္ပာယ်မှာ ကောင်းမှုနှင့် မကောင်းမှုကို ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် "ကုသိုလ်ဆိုတာ အမြဲအောင်တရား၊ အကုသိုလ်ဆိုတာ မလွဲမရှောင်သာတရား"ဟု ဆရာတော်များက ဆိုမိန့်ကြခြင်းဖြစ်ပါ၏။

ရှင်တော်မြတ်ဘုရားဟောတော်မူခဲ့သည့် "လောဏကပလ္လ" သုတ်တော်အရ အကုသိုလ်တည်းဟူသော မကောင်းမှုကို အစွမ်းသတ္တိတုံးသွားအောင် လုပ်ဆောင်နိုင်စွမ်းရှိသည့်တရားမှာ ကုသိုလ်တည်းဟူသော ကောင်းမှုတရားပင်ဖြစ်သည်။

အကုသိုလ်ကံ၏အစွမ်းသတ္တိဆိုသည်မှာလည်း ပဋိသန္ဓေကြိုးအနေဖြင့် အပယ်ဒုဂ္ဂတိလားရောက်စေနိုင်စွမ်းနှင့် ပဝတ္တိတွင် ဆင်းရဲဒုက္ခအဖုံဖုံကြုံတွေ့ခံစားရနိုင်စွမ်းရှိသည်ဆိုခြင်းကိုလည်း ဗုဒ္ဓဘာသာဝင်တိုင်း သိကြမည်ဖြစ်သည်။

အကုသိုလ်အစွမ်းသတ္တိများကို တုံးသွားအောင် ကုသိုလ်တရားက လုပ်ဆောင်သည့်နေရာတွင် အမြစ်ပြတ်ပျောက်ပျက်အောင် ဖြတ်ပစ်သည့်နည်းနှင့် အစွမ်းသတ္တိများပျောက်ပျက်သွားအောင် ဖြတ်ပစ်သည့်နည်းဟူ၍ နှစ်နည်းရှိ၏။

အကုသိုလ်ကို အမြစ်ပြတ်ပယ်ဖြတ်နိုင်စွမ်းသတ္တိဆိုသည်မှာ "မဂ်"ဟုခေါ်သော လောကုတ္တရာကုသိုလ်များကသာ စွမ်းဆောင်နိုင်ပါ၏။ ထိုသို့ "တစ်မဂ်၊ တစ်ဖိုလ်"မှ မရကြသေးသော ပုထုဇဉ်တို့အနေဖြင့် အပယ်ဘေးနှင့် ကင်းဝေးစွာလျှောက်လှမ်းနိုင်အောင် "လောဏကပလ္လသုတ်" တွင် ဘုရားရှင်က "စွမ်းဆောင်နိုင်သမျှ ကုသိုလ်ကောင်းမှုများကို မမေ့မလျော့အားထုတ်ကြရမည်"ဟု ညွှန်ပြထားပါ၏။

မြတ်စွာဘုရားက "ဆားနှင့်ရေ"ကို ဥပမာပေး၍ ရှင်းလင်းဟောကြားထားသည်။

"ဆား"ကို ချောင်းရေ၊ မြစ်ရေ၊ ကန်ရေထဲသို့ ဖြန့်ချလိုက်သည့်အခါ အငန်ဓာတ်များကို မတွေ့ရတော့ပေ။ ရေသည်လည်း ငန်ခြင်းအရသာမရှိတော့ပေ။ ယင်းဆားများသည် "ပျောက်ပျက်"သွားခြင်းလား "ပျောက်ပြယ်" သွားခြင်းလားဆိုသည်ကို စဉ်းစားရပေမည်။ အမှန်မှာ "ပျက်"နှင့် "ပြယ်"သည် အဓိပ္ပာယ်မတူကြချေ။

ရေများသွားသောအခါ ဆားကမငန်တော့သော်လည်း ၎င်းရေကို ခန်းသွားအောင်ပြန်ပြီး ကျိုချက်ကြည့်မည်ဆိုလျှင် ၎င်းဆားသည် ပြန်ဖြစ်ပေါ်လာသည်ကို တွေ့ရမည်ဖြစ်သည်။ ဤဖြစ်စဉ်သဘောအရ ဆားသည် ရေထဲတွင် "ပျောက်ပျက်"သွားခြင်းမဟုတ်ဘဲ"ပျောက်ပြယ်"သွားခြင်းသာဖြစ်ပါ၏။ ပျောက်ပျက်သွားခြင်းသည် "ပြန်စု"၍မရနိုင်ဘဲ "ပျောက်ပြယ်"သွားခြင်းသည်"ပြန်စု" ၍ရသည်ဟု ဆိုလိုခြင်းဖြစ်ပါ၏။

ရေကနည်းပြီး ဆားကများနေလျှင် ၎င်းရေသည် သောက်မရအောင်ငန်နေပေလိမ့်မည်။ ရေကများသွားပြီဆိုလျှင် ဆား၏အစွမ်းသတ္တိမထင်ရှားတော့သဖြင့် ရေသည်လည်း မငန်တော့ပေ။ သောက်လိုက သောက်နိုင်၏။ ထိုဥပမာအတိုင်းပင် အကုသိုလ်သည်လည်း နည်းနည်းလေးဖြစ်စေ သူ့အစွမ်းသတ္တိအပြည့်ရှိနေသည့်အတွက် ဆင်းရဲဒုက္ခအကျိုးကိုပေးနိုင်ပါ၏။

သီလ၊ သမာဓိ၊ ပညာ၊ ကာယ၊ စိတ္တ၊ ဘာဝနာဟူသည့် ကုသိုလ်ကောင်းမှုများကိုလည်း စွမ်းနိုင်သမျှအားထုတ်ကြသူများအတွက် ယင်းတို့ပြုလုပ်သည့်လောကီကုသိုလ်မှန်သမျှသည် အကုသိုလ်များကို ပျောက်ပျက်သွားအောင် မပယ်ဖျက်နိုင်သော်လည်း အကုသိုလ်တို့ သတ္တိပြယ်ပြီး အစွမ်းမပြနိုင်ဖြစ်သွားမည်ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။

ထိုသို့ အဘယ်ကြောင့်ဖြစ်ရသနည်းဟု ဆန်းစစ်ကြည့်လျှင် ရေများသည့်အတွက် ဆားများပျောက်ပြယ်သွားခြင်းမှာ ဆား၏သိပ်သည်းဆများ လျော့သွားသောကြောင့်ဖြစ်လေသည်။ ၎င်းရေကို သောက်ကြည့်လျှင် မငန်တော့သည်ကို တွေ့ရပေမည်။ ဤသည်မှာ သိပ်သည်းဆလျော့သွားသည့်အတွက် သက်ရောက်မှုလျော့သွားခြင်းဖြစ်သည်ဟု ဆိုနိုင်၏။ ဆား၏အစွမ်းသတ္တိလျော့ပါးသွားခြင်းပင်ဖြစ်ပါ၏။

ကုသိုလ်ကများလာသည့်အခါတွင်လည်း အကုသိုလ်တရားများ၏ သိပ်သည်းဆများသည် လျော့သွားလေသည်။ သိပ်သည်းဆလျော့သွားသလောက် သက်ရောက်မှုသည်လည်း လျော့ပါးသွားလေသည်။ အကုသိုလ်၏အစွမ်းသတ္တိများ အားနည်းသွားသည့်အတွက် ဆင်းရဲဒုက္ခအကျိုးပီပီပြင်ပြင်မပေးနိုင်တော့ချေ။

ပိုမိုထင်ရှားစေရန် သာဓကအနေဖြင့်ဖော်ပြပါမည်။ သမိုင်းပညာရှင်ဆရာကြီး ဒေါက်တာသန်းထွန်း၏ ဖြေကြားချက်သည် ပြည့်စုံလုံလောက်မည်ဟု ထင်ပါသည်။

ဟောပြောပွဲတစ်ခုတွင် တက္ကသိုလ်ကျောင်းသားတစ်ယောက်က ဆရာကြီးကို မေးခွန်းတစ်ခုမေးသည်။ "ဆရာကြီးခင်ဗျာ ခဲတစ်ပိဿာနှင့် လဲ(မွေ့)တစ်ပိဿာ ဘယ်ဟာက ပိုလေးပါသလဲ"တဲ့။ ထိုအခါ ဆရာကြီးက "တကယ်သိချင်လို့မေးတာလား" ဟု ထိုကျောင်းသားကို ပြန်မေးလိုက်သည်။ ကျောင်းသားက "တကယ်သိချင်လို့ပါ"ဟု ပြန်ဖြေသည်။ ဆရာကြီးက "တကယ်သိချင်ရင် အဲဒီပစ္စည်းတွေကို မိုးပေါ်မြှောက်ပြီး ပြန်ကျလာတဲ့အခါ မင်းရဲ့ခေါင်းနဲ့ခံကြည့်လိုက်ပါ"ဟု ပြောသည်။ ဆရာကြီး၏စကားကြောင့် ကျောင်းသားခမျာအနည်းငယ် "တွေ"သွားသည်။ ဆရာကြီးက အခြေအနေကို ရိပ်စားမိသဖြင့် ဆက်ပြောလိုက်သည်။

"ဒီလိုကွဲ့ အဲဒီပစ္စည်းနှစ်မျိုးကို ချိန်ခွင်ပေါ်မှာ အလေးနဲ့ချိန်ကြည့်တဲ့အခါ တစ်ပိဿာချင်းတူညီကြပေမယ့် ခန္ဓာကိုယ်ပေါ် သက်ရောက်လာတဲ့အခါမှာသိပ်သည်းဆများသော "ခဲ"က သက်ရောက်မှုပြင်းထန်တာကို တွေ့ရမယ်" ဟု ရှင်းပြသည်။ ဆရာကြီး၏ ရှင်းပြချက်ကို ယင်းတက္ကသိုလ်ကျောင်းသားတွေးကြည့်ပြီး အဖြေမှန်ရသွားသည်။

မြင့်သုံးသပ်ကြည့်ပါက လောဏကပလ္လသုတ်တော်တွင် ဘုရားရှင်ဟောကြားခဲ့သည့် "ဆားနှင့်ရေပမာ" အကုသိုလ်ကို ကုသိုလ်ကအစွမ်းသတ္တိနည်းအောင် စွမ်းဆောင်နိုင်ပုံမှာ မှတ်သားဖွယ်ပင်ဖြစ်သည်။ ဤဥပမာကို ထောက်ရှု၍ ကုသိုလ်ကောင်းမှု လျင်စွာပြုလော့ဟူ၍ ရှင်တော်ဘုရားဟောကြားခဲ့ခြင်းဖြစ်ပါ၏။

ဗုဒ္ဓဘာသာဝင်တို့လိုက်နာကျင့်သုံးကြရမည့် "ကုသိုလ်ကံ"ကို အကျဉ်းချုပ်လိုက်လျှင် သုံးမျိုးသာရှိ၏။ မှတ်သားရလွယ်ကူစေရန် လက်ဖြင့်ဖော်ပြရလျှင် "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား" ဟူသော အချက်သုံးချက်ပင်ဖြစ်၏။

အဆိုပါသုံးချက်တွင် မကောင်းမှုကို မကျူးလွန်မိအောင် ရှောင်ကြဉ်နေလျှင် သီလကုသိုလ်ရပါမည်။ ကောင်းမှုကိုဆောင်ဖို့ဆိုရာတွင် ဗုဒ္ဓဘာသာဝင်တို့၏ နေ့စဉ်ကျင့်ဝတ်ဖြစ်သည့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ကပ်လှူခြင်းစသည့် လှူဒါန်းမှုအမျိုးမျိုးသည် ဒါနကုသိုလ်ပင်ဖြစ်၏။ ရတနာသုံးပါးကို ဆင်ခြင်အောက်မေ့ကာ မေတ္တာပို့ခြင်း၊ ပွားများခြင်းတို့သည်သာမက "ဘာဝနာကုသိုလ်" ပင်ဖြစ်၏။ ဖြူအောင်စိတ်ကိုထားဆိုသည်မှာ ရုပ်နာမ်မမြဲတို့ကို"ဖြစ်ပြီး ပျက်နေသည့်တရားများသာဖြစ်သည်။ တွယ်တာမက်မောစရာမဟုတ်"ဟူ၍ သဘောပေါက်အောင်နှလုံးသွင်းဆင်ခြင်ပွားများနေလျှင် "ဘာဝနာကုသိုလ်" ရနိုင်ပါ၏။

အချုပ်ဆိုရလျှင် "လွန်ကြူးရင် ဆားတိုး၊ ရှောင်ကြဉ်ရင်ရေတိုး"ဟူသော ဆောင်ပုဒ်ကို အသေအချာစွဲမှတ်ရင်း "ရေ"နှင့် တူသောကုသိုလ်များ၍ "ဆား"နှင့်တူသော အကုသိုလ်များနည်းအောင် လုပ်ဆောင်ကြရန် အကြံပြုရပါ၏။ ။

**တက္ကသိုလ်သဉ်**

---

## နတ်မောက်မြို့နယ်၌ မိုးရွာသွန်းမှုနည်းပါးသော်လည်း ဆည်များမှရေဖြင့် ငရုတ်စတင်စိုက်ပျိုး

နတ်မောက် ဇူလိုင် ၂၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ရှိ သရက်ချဉ်ကျေးရွာအုပ်စု သရင်းတောကျေးရွာ၌ မိုးရွာသွန်းမှုနည်းပါးသော်လည်း စိုက်ပျိုးရာသီကျရောက်လာသောအချိန်ဖြစ်သဖြင့် လယ်ယာမြေများတွင် ဆည်၊ကန်များမှရေဖြင့် ငရုတ်စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ဆီမှာ မိုးသိပ်မရွာဘူး။ အစောပိုင်းကရွာတဲ့မိုးနဲ့ ဆည်ထဲကန်ထဲဝင်တဲ့ရေနဲ့ပဲ ငရုတ်နဲ့ခရမ်းချဉ်တွေကို စိုက်ပျိုးနေကြတာ ဒီအချိန်မှာစိုက်ပျိုးမှစိတ်ချရတာ။ နောက်ကျရင်လည်း ငရုတ်သီးမရမှာကို စိုးရိမ်တယ်။ ငရုတ်ကမိုးခေါင်တဲ့ဒဏ်ခံနိုင်လို့ အပင်ကတော့ ရှင်ပါတယ်။ ဝါခေါင်လဆန်းလောက်မှာ မိုးရွာရင် ငရုတ်စိုက်ပျိုးမှုလည်း အောင်မြင်မှာပါ။ အခုလတ်တလောမိုးမရွာလို့ စပါးပျိုးထောင်တဲ့ သူတွေ သိပ်မရှိသေးဘူး။ တချို့လည်း အခြောက်ပျိုးထောင်တဲ့သူတွေရှိတယ်။ အခုတော့ ငရုတ်နဲ့ ခရမ်းချဉ်ကိုပဲ ရေလောင်းပြီး စိုက်ပျိုးနေကြတယ်"ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

နတ်မောက်မြို့နယ်ရှိ ကျေးရွာများမှ တောင်သူလုပ်ကိုင်သူများသည် စိုက်ပျိုးရေးလုပ်ကိုင်ကြရာတွင် ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးမှုနည်းပါးပြီး မိုးကောင်းရေသောက်စနစ်ဖြင့်သာ စိုက်ပျိုးကြရသဖြင့် မိုးဦး၊ မိုးလယ်၊မိုးနှောင်းမိုးကောင်းမှ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်မှုရရှိကြကြောင်း၊ ရာသီသုံးလီမိုးရွာသွန်းမှုမညီပါက သီးနှံထွက်ရှိမှုနည်းပါးကာ ဆုံးရှုံးမှုများတွေ့ကြုံရကြောင်းသိရသည်။

လက်ရှိငရုတ်သီးဈေးကွက်မရှိသေးသော်လည်း ယခင်နှစ်တွင် ငရုတ်သီးအစိုတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၊ အခြောက်တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ မှ ၃၀၀၀ အထိ ရောင်းချရကြောင်း သိရသည်။

**ဆပ်ချိုတောင်(မြေလတ်သား)**

## မအူပင်မြို့နယ်၌ မြန်မာစာဂုဏ်ထူးရသူများအား ထူးချွန်ဆုပေးအပ်



မအူပင် ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် မြန်မာစာပေချစ်မြတ်နိုးသူများအသင်း၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာဂုဏ်ထူးရရှိသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးရရှိအောင်သင်ကြားပေးသော ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုပေးအပ်ပွဲအခမ်းအနားကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ယမန်နေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မြန်မာစာပေချစ်မြတ်နိုးသူများအသင်းဗဟိုဒုတိယဥက္ကဋ္ဌ ဦးစိန်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး(ငြိမ်း) ဆရာဦးစိုး၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီး ဦးသိန်းထွန်း၊ မအူပင်မြန်မာစာပေ ချစ်မြတ်နိုးသူများအသင်းနာယကဆရာဦးပိုက်၊ အသင်းဥက္ကဋ္ဌဒေါ်ခင်ဝင်းမာတို့က မြန်မာစာပေနှင့် ပတ်သက်သည့် အလေးထားဂုဏ်ယူဖွယ်ရာများကို ပြောကြားသည်။

ဆက်လက်၍ မြန်မာစာပေတွင် ထူးချွန်သည့် ဇာတသမအကြိမ် ၂၀၁၅ ခုနှစ် ကျိုက္ကလော့အမေမေတ္တာစာမူဆု၊ ကဗျာရှည် ဒုတိယဆုရရှိသည့် ဒေါ်အေးအေးမြင့်(ပန်းမြမွေး)၊ ၂၀၁၆ ခုနှစ် ရန်ကုန်တက္ကသိုလ် မြန်မာစာပါရဂူ (Ph.D)ဘွဲ့ ရရှိသည့် မအေးစုငြိမ်းနှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား၊ကျောင်းသူ ၃၀ ဦးကို မြန်မာစာဂုဏ်ထူးရရှိအောင် နည်းလမ်းပေးနိုင်သည့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးနှင့် မြို့နယ်အတွင်းရှိ မြန်မာစာဂုဏ်ထူးရ ကျောင်းသား၊ကျောင်းသူ ၃၇ ဦးနှင့် ဂုဏ်ထူးရရှိအောင်သင်ကြားပြသပေးနိုင်သည့် ဆရာ၊ ဆရာမများအား တာဝန်ရှိသူများကဆုများအသီးသီးပေးအပ်ကြောင်း သိရသည်။**မအူပင်ခရိုင်(ပြန်/ဆက်)**

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏(၅၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၁

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏(၅၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ပြုလုပ်ရာ ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တောင်ကြီးမြို့ မင်းကွန်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီရိအမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်အေးဝင်းနှင့်တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်အဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အရာရှိ စစ်သည်၊ မိသားစုများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြည်နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်များအား ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။ (၁၀၀)



ဆရာတော်ထံ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးဝင်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။




## နွားနို့တိုက်ပါ

ကိုယ်ခန္ဓာဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေးကောင်းစေဖို့
အသားအရေလှပစေဖို့
ကျောင်းနေအရွယ် သင့်ကလေးကို
နွားနို့တိုက်ပါစို့။


# မြိတ်တပ်နယ်၏ စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း



ဆရာတော်ထံ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင် စိုး ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် ဇူလိုင် ၂၁

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ မြိတ်တပ်နယ်၏ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပူဇော်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ မြိတ်မြို့ ကံသာကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်စိုးနှင့်တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ကံသာကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်များအား ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# အသံမစဲ အဘိဓမ္မာဒေသနာကျမ်းရွှေစာရွတ်ဖတ်ပူဇော်



အဘိဓမ္မာ ၇ ကျမ်း၊ ဝါတွင်း ၃ လ၊ ရက်ပေါင်း ၉၀ အသံမစဲ အဘိဓမ္မာဒေသနာကျမ်းရွှေစာရွတ်ဖတ်ပူဇော်ပွဲကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၂၁

အဘိဓမ္မာ ၇ ကျမ်း၊ ဝါတွင်း ၃ လ၊ ရက်ပေါင်း ၉၀ အသံမစဲ အဘိဓမ္မာဒေသနာကျမ်းရွှေစာရွတ်ဖတ်ပူဇော်ပွဲကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်ရှိ နယ်လှည့်သစ္စာဓိဋ္ဌာန်စေတီယသာ လောကနတ်ပရဟိတ နတ်စင်တစ်ရာကျောင်း၌ပြုလုပ်ရာ နိုင်ငံတော်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် နတ်စင်တစ်ရာကျောင်းတိုက်၏ ဩဝါဒါစရိယ သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဇော်သိန်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်များတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်အလှူရှင်များက အဘိဓမ္မာ ၇ ကျမ်း၊ ဝါတွင်း ၃ လ၊ ရက်ပေါင်း ၉၀ အသံမစဲ အဘိဓမ္မာဒေသနာကျမ်းရွှေစာရွတ်ဖတ်ပူဇော်ပွဲကို ဖွင့်လှစ်ပေးပြီး သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများမှလှူဒါန်းသည့် ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေတို့ကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အသံမစဲ အဘိဓမ္မာဒေသနာကျမ်းရွှေစာရွတ်ဖတ်ပူဇော်ခြင်းကို နယ်လှည့်သစ္စာဓိဋ္ဌာန်နတ်စင်တစ်ရာ အထူးသာသနာပြုဆရာတော် ဘဒ္ဒန္တပညာတေဇ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်သုံးခွမြို့၊ မြို့မရေလည်ကျောင်းဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒလင်္ကာရနှင့် ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ အကျိုးဆောင် ကော့မှူးမြို့၊ ဆင်ခြံဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေတုမာလာတို့မှတာဝန်ယူ၍ ဂိုဏ်းပေါင်းစုံသံဃာအပါး ၃၀ တို့ဖြင့် နေ့ညအသံမစဲ ရက်ပေါင်း ၉၀ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) ရုံး/ဌာနအလိုက် စခန်းမှူးဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

၂၀၁၆ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာနအလိုက် စခန်းမှူးဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)အားကစားကွင်း၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်ဝင်းသိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်ဝင်းသိန်းနှင့် တက်ရောက်လာကြသူများသည် စခန်းမှူးရုံးအသင်းနှင့် စစ်ရေးချုပ်ရုံးအသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ ပြိုင်ပွဲတွင် စခန်းမှူးရုံးအသင်းက စစ်ရေးချုပ်ရုံးအသင်းအား ၃ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းနောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဗိုလ်ချုပ်ဝင်းသိန်းနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယဆုနှင့် တံခွန်စိုက်ဖလားရရှိသည့် အသင်းများအား ဆုများ အသီးသီးပေးအပ်သည်။



ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်ဝင်းသိန်း စခန်းမှူးဖလား မိုးရာသီဘောလုံး ပြိုင်ပွဲတွင် တံခွန်စိုက်ဖလား ရရှိသည့် အသင်းအား ဆုပေးအပ်စဉ်။

အဆိုပါ စခန်းမှူးဖလားဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇွန် ၂၉ ရက်မှစတင်၍ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၁

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ၁ ပေခွဲခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မော်လိုက်မြို့နယ်အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (မြဝ)

www.facebook.com/themyawadydaily

# ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခဲ့သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ပြန်လည်ရောက်ရှိ



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဇော်သိန်းနှင့်တာဝန်ရှိသူများ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့်မြစ်ရေယာဉ်-စတုတို့မှ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များအား ကြိုဆိုနှုတ်ဆက်ကြစဉ်။

နေပြည်တော် ဇူလိုင် ၂၁

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့သည့် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်-စတုတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဇော်သိန်း၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ဆေးကုသမှုဆိုင်ရာရောဂါ ၃၅၂၉ ဦး၊ ခွဲစိတ်ရောဂါ ၃၂၁ ဦး၊ သားဖွားမီးယပ်ရောဂါ ၄၅၁ ဦး၊ အရိုးရောဂါ ၁၁၂၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၄၁ ဦး၊ မျက်စိရောဂါ ၁၀၆၁ ဦး၊ သွားရောဂါ ၅၉၂ ဦးနှင့် ကလေးရောဂါ ၁၀၃၃ ဦး၊ စုစုပေါင်း ဒေသခံပြည်သူ ၈၄၅၂ ဦးတို့ကို ဆေးကုသမှုများဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော ဒေသခံပြည်သူ ၁၇ ဦးတို့ကို တပ်မတော်ဆေးရုံများတွင် တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)







# တပ်မတော်(ရေ)မှ မြစ်တွင်းသွားတိုက်ရေယာဉ်ဖြင့် ဇမိမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်(ရေ)မြစ်တွင်းသွားတိုက်ရေယာဉ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ ဇမိမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇူလိုင် ၂၁

တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များပါဝင်သည့် တပ်မတော်(ရေ)မြစ်တွင်းသွားတိုက်ရေယာဉ်သည် မွန်ပြည်နယ်၊ ဇမိမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကုန်းရွာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ကြာအင်းဆိပ်ကြီးမြို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၉၅ ဦး၊ ခွဲစိတ်ရောဂါ ၆၃ ဦး၊ သားဖွားမီးယပ်ရောဂါ လေးဦး၊ မျက်စိရောဂါ ၃၃ ဦး၊ ကလေးရောဂါ ၅၂ ဦးနှင့် ECG ဖြင့် နှလုံးစမ်းသပ်သူ ခုနစ်ဦး၊ စုစုပေါင်း ၃၅၄ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာငါးဦးကိုလည်း မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထို့ပြင် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များက ကျေးရွာများရှိဘုန်းတော်ကြီးကျောင်းများအတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရှမ်းပြည်နယ်(အရှေ့အလယ်ပိုင်း)၊ စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၁၆)ပြုလုပ်



ရှမ်းပြည်နယ်(အရှေ့အလယ်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၁၆) ပြုလုပ်စဉ်။

နေပြည်တော် ဇူလိုင် ၂၁

ရှမ်းပြည်နယ်(အရှေ့အလယ်ပိုင်း)၊ စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၁၆)ကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နမ့်စန်တပ်နယ်ခန်းမ၌ပြုလုပ်ရာ ရှမ်းပြည်နယ်(အရှေ့အလယ်ပိုင်း)၊ စစ်မှုထမ်းဟောင်းအဖွဲ့နာယက တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်းနှင့်တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းကိုယ်စားလှယ်များက ရှေ့လုပ်ငန်းစဉ် ၇ ရပ်ချမှတ်ခြင်း၊ ဆွေးနွေးချက်များအပေါ် အတည်ပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများကို ဆောင်ရွက်ကြသည်။

ထို့ပြင် တိုင်းမှူးက သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ ပညာသင်ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ချီးမြှင့်ငွေများ၊ စစ်မှုထမ်းဟောင်းများအတွက် ဝတ်စုံများနှင့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၁၆)ပြုလုပ်

နေပြည်တော် ဇူလိုင် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၁၆)ကို ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိခန်းမ၌ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက တိုင်းမှူး ဗိုလ်မှူးချုပ်သန်းလှိုင်နှင့်တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊



စစ်ကိုင်းတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၁၆) ပြုလုပ်စဉ်။

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်သဘာပတိတို့က အမှာစကားပြောကြားသည်။ ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၁၆)အစီရင်ခံစာတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်း၊ ဆုံးဖြတ်ချက်များအား အတည်ပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများကို ဆောင်ရွက်ကြသည်။

ထို့ပြင် တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးစာရေးကိရိယာများပေးအပ်သည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား မုံရွာမြို့နယ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

www.facebook.com/themyawadydaily



MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwdpress@hotmail.co.uk

# Senior General Min Aung Hlaing comforts Tatmadawmen, families receiving medical treatments at local medical battalion in Pathein Station



**Nay Pyi Taw July 21**

Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by his wife Daw Kyu Kyu Hla, Joint Chief of the General Staff (Army, Navy and Air) Commander-in-Chief (Air) General Khin Aung Myint, Commander-in-Chief (Navy) Admiral Tin Aung San, senior military officers of the Office of the Commander-in-Chief (Army), Command Commander Brig-Gen Teza Kyaw and officials, met officers, other ranks and families who are receiving medical treatments at the local medical battalion in Pathein Station, South-West Command, this afternoon.

First, the Senior General and party cordially asked after officers, other ranks and families in individuals at the hospital, comforted and presented gifts to them.

Likewise, the wife of the Senior General and party comforted families of Tatmadawmen at the female ward and presented gifts to them.

**100**

**Senior General Min Aung Hlaing and party giving words of encouragement to patients at the hospital.**

## Myanmar rice penetrates new market

**Yangon July 21**

Myanmar exports 200 tons of steamed rice to Papua New Guinea via sea route, an official from the Myanmar Rice Entrepreneurs Association said.

Papua New Guinea placed an order for steamed rice from Myanmar. An increase in rice exports may benefit farmers.

Now, the country exports 150 tons of rice to India, 1,200 tons to China and 3,375 tons of broken rice to the EU. Export earnings amounted to US$-0.926 million.

These countries import rice from Myanmar as climate changes hamper their agricultural businesses.

A year-on-year export increase is expected this year. In cooperation with respective organizations, the government is providing necessary assistance to farmers to boost local rice production. Myanmar mainly exports rice via border trade routes and sea routes.

In the second week of July, Myanmar earned US$-0.434 million from export of 1,334 tons of broken rice via the Muse 105th Mile, US$-0.079 million from export of 246 tons of broken rice via Lwel-jal trade camp, US$-4.965 million from export of 13,545 tons of rice via border trade camps and US$-0.571 million from export of 1,550 tons of rice and steamed rice via sea route.

**Soe Moe**



**Rice bags are being uploaded onto a ship with the help of a machine.**

# Mingaladon economic zone project at proposal stage

**Yangon July 21**

Mingaladon economic zone project in Yangon is still at the proposal stage, said an official from the Urban and Housing Development Department.

Coordination with farmers is needed as there are many acres of farmland in the project area. It is impossible to develop the project as the new economic zone project is to be submitted to the region government.

The new economic zone project will include industrial zones, housing, highway bus terminals and commercial areas. Currently, the detailed plan is being drafted.

Investors will be invited for the project. There are many industrial zones in Yangon. Among them, the Thilawa Special Economic Zone is the biggest one.

The Mingaladon economic zone project is expected to become the best one.

More than 700 acres of land located between Khayaypin junction, Pyay Road and No.3 Main Yangon-Mandalay Road is earmarked for the new project.

In the time of the then-government on 11 January, land plots were handed over to the Department of Urban and Housing Development to implement industrial zones, housing projects and other development tasks.

**Soe Moe**

# NTT Communication launches fibre internet services in Yangon

**Yangon July 21**

Japanese telecoms company NTT Communications has launched its fibre internet services for enterprises in Yangon.

The move comes after the NTT has got network services license from the Directorate of the Telecommunications. Previously, the company could offer its internet services for Sakura tower only.

The NTT Communication's fibre internet is available as of 1 Mbps. In addition, the company delivers firewall management, internet VPN and other services.

The company entered the country's telecom market in 2012. It aims to extend its telecom services across the country. Plans are under way to extend its coverage to Mandalay after Yangon.

The directorate scrutinizes and issues telecom licenses. The telecom companies in the country are vying to provide services to people.

**H.O**

22-7-2016(P_18)YM.indd 1
www.facebook.com/themyawadydaily
7/21/2016 8:52:34 PM

www.facebook.com/themyawadydaily



# MIA compiles list of inactive industrial lands in Yangon

**Yangon July 21**

Myanmar Industries Association (MIA) is compiling a list of inactive factories in Yangon Region, according to MIA chairman U Zaw Min Win.

"We are compiling an accurate list of inactive factories. We will cooperate with the region government to fulfill the requirements of industrial zones such as transportation and welfare of factory workers in Yangon," said U Zaw Min Win.

The list is being jointly compiled by newly formed industrial zone development committee under MIA and industrial zone management committees of respective industrial zones.

According to old statistics, there are over 44,000 factories officially registered with Ministry of Industry. According to industrial zone management committees, only around 20 of 29 industrial zones in Yangon are operating.

The list will also include inactive warehouses and lands and the electricity usage and sewage system at industrial zones.

The new government will privatize 47 state-owned industries under the Ministry of Industry to local and foreign investors for both long-term and short-term operation.

Daw Nilar Kyaw, Yangon Region Minister for Electricity, Industry and Transportation, told the region parliament in May that the region government will continue with the plan of the previous government to confiscate inactive lands in industrial zones in the region.

**Thae Thae**

## Increasing monkey population threatens Hlawga National Park

**Yangon July 21**

"The number of monkeys in Hlawga National Park is increasing and these primates are now threatening other animal lives and reproduction. So, park officials are going to cooperate with Thai experts in controlling monkey population there," said U Ye Linn Soe, a supervisor of Hlawga National Park.

This phenomenon is threatening the reproduction process and lives of other animals such as deer, barking deer, hog deer, sambur deer, wild boar and green peacocks which are rare to see in Myanmar forests.

"Normally, monkeys reproduce more than twice a year and their growing population is even threatening to balance the ecosystem of Hlawga National Park. Therefore, we are planning to cooperate with experts from Thailand to address this problem," U Ye Linn Soe added.



**A monkey leaps for a snack at Hlawga National Park.**

Hlawga National Park was opened on September 30, 1989 with the aim of public recreation and improving knowledge on wildlife conservation and protection.

**Nay Nay**

## CBM employs RTGS

**Yangon July 21**

The Central Bank of Myanmar (CBM) is planning to fully employ Real Time Gross Settlement (RTGS) which enables real time electronic transfer of money or securities between banks themselves and banks and their customers.

The system dubbed CBM-Net will transform the once-manual process of clearing and settling payments into almost entirely electronic process.

The system was developed with the help of Japan International Cooperation Agency (JICA) and launched earlier this year between Central Bank of Myanmar and other banks.

Under the old system, banks had to submit a daily statement on transfers for clearance and settlement to the Central Bank every evening.

But under the new system, the Central Bank and Myanmar's local and international banks are connected through CBM-Net and so instructions to debit or credit different accounts in different banks can be issued and carried out instantly and automatically.

At present, Central Bank of Myanmar is preparing technologies to launch the service between banks and their customers, according to U Mya Than, governor of Myanmar Oriental Bank.

However, only a few banks are deploying the system because electronic transfer of money is new to Myanmar where people are used to physical exchange of money and are not yet comfortable with online money transfer.

CBM-Net also connects local and Myanmar-based international lenders to the Central Bank, but not to other companies or banks outside the country, said other Yangon-based bankers, who were all optimistic about the system's potential.

**Thae Thae**

## Mandalay to host Myanmar's largest real estate show

**Yangon July 21**

Myanmar's largest real estate show organized by iMyanmarHouse.com will be held in Mandalay and this is the first show in Myanmar second largest commercial city, said U Nay Min Thu, the managing director of iMyanmarHouse.com.

iMyanmarHouse.com had already held its property show three times at Tatmadaw Hall in Yangon and two times at Peninsula Plaza in Singapore.

This exhibition which is also the rainy season promotion is arranged at the request of property entrepreneurs in upper Myanmar, U Nay Min Thu added.

Developers have high hopes for the show as an opportunity to sell many apartments and condo flats. It is scheduled to be held in Mandalay City Hall on August 26-28.

**Moe Aung**

## Number of blood donors at NBB increases in first 6 months

**Yangon July 21**

National Blood Bank (NBB) said a total of 35,000 donors provided blood during the first 6 months of this year and the number of donors is higher than that of last year.

NBB had 62,920 blood donors in 2015 of which 52 per cent is from volunteer groups and the other 48 per cent is individual donors.

"NBB provides 97 per cent of the blood patients in 11 hospitals and the remaining 3 per cent comes from donors organized by patients or their families," said an officer Dr.Thida Aung of NBB.

NBB provides blood bags to Yankin Children Hospital, Helpin Hospital, Thingyun Hospital, North Okkalapa Hospital and Insein Hospital. But these hospitals still need more blood donors.

NBB opens from 8:00 am to 4:30 pm on weekdays and from 8:00 am to 12:00 am at weekends. It opens till 7:00 pm when blood stocks are low.

**Su Latt**

## 2,200 apartments of Shwelinban Industrial Zone to be sold Ks-12m per unit

**Yangon July 21**

A total of 2,200 apartments in Shwelinban Industrial Zone situated in Dagon Seikkan and Hlaingthaya townships in Yangon Region will be sold at a price of Ks-12 million per unit beginning this month end.

Low-cost apartments will be sold to civil servants and public under the government's plan, said director Daw Mi Mi Tin of Human Settlement and Housing Development Department-HSHDD.

"Region Government will sell 70 per cent of the apartments and the Union Government 30 per cent at a price of around Ks-12 million per unit starting July 30," said Daw Mi Mi Tin, adding that everyone who is able to afford can buy the apartment.

Hlaingthaya, Dagon Seikkan and South Dagon townships have large areas to build low-cost housings. But the HSHDD still needs to solve land confiscating and trespassing problems.

The department had previously planned to build low-cost housings in North Okkalapa, Hlaingthaya and Thanlyin townships. Under the agreement with private entrepreneurs, State's involvement will be 20 per cent, 25 per cent and 30 per cent respectively.

Moreover, drafting of maintenance guidelines is under way and there will also be regulations the owners will have to observe. **Thae Thae**

# Trump raises anew questions on NATO commitments

**Cleveland July 21**

Donald Trump has raised new questions about his commitment to the defense of NATO allies on the eve of his acceptance of the Republican presidential nomination, The New York Times reported.

In an interview with the newspaper on Wednesday, Trump also expressed little willingness to speak out against purges or civil rights crackdowns by authoritarian allies such as Turkey, the Times said.

"I don't think we have the right to lecture," the Times quoted him as saying during the 45-minute interview in a downtown Cleveland hotel suite.

"Look at what is happening in our country," he said. "How are we going to lecture when people are shooting policemen in cold blood?"

The Times said that Trump reemphasized the hardline nationalist approach that he has taken during his campaign, describing how he would force allies to shoulder defense costs that the United States has borne for decades.

Asked about Russian activities that have alarmed the Baltics, NATO's newest members, Trump said that if Russia attacked them, he would decide whether to come to their aid only after reviewing whether those nations "have fulfilled their obligations to us."

"If they fulfil their obligations to us, the answer is yes," he said.

A cornerstone of the 28-member trans-Atlantic alliance is its Article 5 commitment that an attack one member state is an attack on all, a pledge invoked after the September 11, 2001 attacks on the United States.

**AFP**

# *Pakistan lawmakers to debate honour killing, rape laws*

**Islamabad July 21**

Pakistan's parliament will on Thursday debate bills aimed at tackling so-called honour killings and amending its rape law, officials said, following the murder of a social media star last week.

Rights groups and politicians have for years called for tougher laws to tackle perpetrators of violence against women in Pakistan and the debate follows a slew of high-profile killings in the country.

Lawmakers from both lower and upper houses of parliament will take up proposed bills Thursday afternoon, parliament official Hasan Murtaza Bukhari said, and votes on the suggested changes are expected within weeks.

"After discussion and approval of these bills by this committee, the drafts will be tabled in a joint sitting of the house which is likely to promptly take it up," he said.

"But we are not sure that how much time this process will take. The salient features of these drafts will also be known only after being presented in the committee," added Bukhari.

Prime Minister Nawaz Sharif's ruling PML-N party has a large majority of seats in the lower house and the bills are believed to have enough backing from opposition parties to pass in the senate too.

The proposed bills could seek to close a loophole that allows those who kill in the name of honour -- usually a relative of the victim -- to evade punishment by seeking clemency from other family members. Pakistan amended its criminal code in 2005 to prevent men who kill female relatives pardoning themselves as an "heir" of the victim.

But punishment is left to a judge's discretion when other relatives of the victim forgive the killer -- a loophole which critics say is exploited.

Social media starlet Qandeel Baloch was strangled to death by her brother on Friday, once again casting a spotlight on the custom of "honour killings", which claims around a thousand lives in Pakistan every year.

Held up by many of the country's youth for her liberal views and forthrightness, Baloch -- who posed with mullahs and courted controversy in plunging dresses -- was also reviled by many and frequently subject to misogynist abuse online.

Rights group Amnesty International this week called on the country to "undertake structural reforms that end impunity for so-called 'honour' killings, including by passing legislation that removes the option of clemency for such killings".

**AFP**

# British nuclear submarine docks in Gibraltar after collision



A picture taken on July 21, 2016 shows the nuclear submarine HMS Ambush moored in the port of Gibraltar during an unscheduled stop due to a sustained damage to its conning tower after hitting a vessel.

**Gibraltar July 21**

A British nuclear submarine docked in Gibraltar on Wednesday after it collided with a merchant vessel off the coast of the territory located on Spain's southern tip, Britain's Defence Ministry said.

"The submarine suffered some external damage but there is absolutely no damage to her nuclear plant and no member of the ship's company was injured in the incident," the ministry said in a statement.

"We are in contact with the merchant vessel and initial indications are that it has not sustained damage," it added.

The HMS Ambush submarine was submerged and carrying out a training exercise when it collided with the merchant vessel on Wednesday afternoon.

It arrived in Gibraltar later the same day to undergo further checks, the ministry said.

The HMS Ambush has the capacity to carry a mix of up to 38 Spearfish heavyweight torpedoes and Tomahawk land-attack cruise missiles, and can target enemy submarines, surface ships and land targets with pinpoint accuracy, according to the Defence Ministry's website.

The submarine is a regular visitor to Gibraltar, having stopped in the territory last month and in March.

The Defence Ministry said there "are no safety concerns" associated with the presence of the HMS Ambush in Gibraltar, and that it has opened an "immediate investigation" into the collision.

In 2000 a British nuclear submarine, the HMS Tireless, docked in Gibraltar for repairs for nearly a year after a crack was found in a cooling pipe near its nuclear reactor, sparking fears that it could leak and contaminate the environment.

People in Gibraltar and in southern Spain staged regular protests against the HMS Tireless and it has been the subject of a high-profile direct action campaign by the environmental organisation Greenpeace.

**AFP**

# At least 75 dead, missing in recent China flooding

**Beijing July 21**

At least 75 people in northern China have died or gone missing since Monday in some of the worst flooding in years, the government said Thursday.

The figures released by the Civil Affairs Ministry come amid continuing heavy downpours that have caused havoc across usually dry regions, including the capital Beijing.

Already, 576 people have been recorded as dead or missing nationwide in the first half of the year.

Beijing has been hit by constant rain since Tuesday that has forced the cancellation of hundreds of flights and trains and flooded city streets.

The rain has also threatened embankments along rivers in central China, with authorities mobilizing troops and heavy equipment to fill the gaps.

Tens of thousands have been evacuated from flood-hit areas and direct economic losses have risen into the hundreds of millions of dollars.

President Xi Jinping on Wednesday warned the country to be prepared for more hardship to come and said officials found negligent in their duties would be severely punished.

China's south has also been hit by floods that strike annually during the monsoon season that began in May, but this rainy season has been particularly wet.

Water levels in some major rivers have exceeded those of 1998, when the worst floods in recent years killed 4,150 people, most of them along the Yangtze River, China's mightiest.

Authorities this year have already taken emergency measures, including discharging water from the Three Gorges Dam on the Yangtze.

**AFP**

www.facebook.com/themyawadydaily



# Knee operations for middle-aged 'no better than exercising', research claims

- Knee ops carried out on middle-aged patients may be a waste of time
- Keyhole surgery to repair torn meniscus is one of the NHS' most common
- Study suggests treatment is no more effective than doing simple exercises



**Now a study claims knee surgery is no more effective than doing simple exercises.**

Knee operations carried out on thousands of middle-aged patients every year may be a waste of time, research suggests.

Keyhole surgery to repair a torn meniscus – the cartilage between the two halves of the knee joint – is one of the most common procedures on the NHS.

Yet a study suggests the treatment is no more effective than doing simple exercises.

More than 150,000 Britons undergo arthroscopic keyhole surgery to their knees every year, most of them in their 50s, 60s and 70s.

Repairing the meniscus is among the most common reason for this procedure.

The cartilage is often damaged by twisting the knee while running or playing football.

Surgeons use an arthroscope – a tiny camera at the end of a tube – to enter the knee while they carry out surgery through small incisions in the skin.

The procedure usually takes less than an hour and patients often return home the same day.

But the ease and simplicity of the operation means it is often an option for patients who would never have been considered for surgery in the past.

The latest study, published last night in the British Medical Journal, compared patients in Norway who had the operation to those who carried out a 12-week programme of simple muscle-strengthening exercises.

Even without repairing the cartilage, strengthening muscles around the knee helps support the joint and can ease pain.

The researchers, from Oslo University Hospital and the University of Southern Denmark, found 'no clinically relevant difference' between the two groups.

The 140 patients in the trial were assessed after three months – at which point the non-surgery group was actually performing better – and again at two years when there was little difference between them.

The two groups had the same results when it came to pain, mobility and the ability to do sport.

One in five patients from the exercise group later underwent surgery, but saw no extra benefit.

The authors wrote: 'Supervised exercise therapy showed positive effects over surgery in improving thigh muscle strength, at least in the short term.'

Experts writing in a separate editorial in the BMJ claim growing evidence that knee operations are ineffective is being ignored.

Teppo Jarvinen, of the University of Helsinki, and Gordon Guyatt, of McMaster University in Ontario, Canada, said: 'What we should not do is allow the orthopaedic community ... to ignore the results of rigorous trials and continue widespread use of procedures for which there has never been compelling evidence.'

Professor Andy Carr, an expert in orthopaedic surgery at Oxford University, last year called for keyhole surgery to be scrapped for middle-aged patients.

He said even though complications are rare it does carry a risk, adding: 'Supporting or justifying a procedure with the potential for serious harm ... is difficult when that procedure offers patients no more benefit than a placebo.'

**Mail Online**

# Turkey imposes state of emergency after failed coup

**Ankara July 21**

Turkish authorities on Thursday imposed a three-month state of emergency, strengthening powers to round up suspects accused of staging the failed military coup despite global alarm over a widening purge.

President RecepTayyip Erdogan declared the state of emergency, Turkey's first in 14 years, shortly before midnight after a marathon meeting of his national security council, and it entered into force Thursday when it was published in the official gazette.

Erdogan said it would allow Turkey to be cleared of "terrorists" linked to US-based Muslim preacher Fethullah Gulen, whom he accuses of masterminding the failed coup from his leafy compound in Pennsylvania.

Concern is growing over respect for the rule of law almost a week after the coup attempt that left over 300 people dead and raised fears of chaos in the key NATO member.

But Erdogan insisted democracy would not be compromised and lashed out at critics of the sweeping purge that has seen tens of thousands of people detained, sacked or suspended.

The state of emergency was needed "in order to remove swiftly all the elements of the terrorist organisation involved in the coup attempt," Erdogan said.

But he added: "We have never made compromises on democracy. And we will never make" them.

The state of emergency gives the government extra powers to restrict freedom of movement, said an official, adding that it would not restrict financial or commercial activities as "international law sets limits of restrictions".

Turkey in 2002 lifted its last state of emergency, which had been imposed in southeastern provinces for the fight against Kurdish militants in 1987.

Article 120 of the constitution allows the measure "at a time of serious deterioration of public order because of acts of violence".

Erdogan vowed that work would now continue "to fight to clean out all those viruses from the armed forces".

**AFP**

22-7-2016(P_21)YM.indd 1 www.facebook.com/themyawadydaily 7/21/2016 8:36:50 PM

www.facebook.com/themyawadydaily



## ရုရှား၏ဆိုနာစနစ်သစ်က ရန်သူ့ရေငုပ်သင်္ဘောများအား ဂြိုဟ်တုများမှတစ်ဆင့် ရှာဖွေထောက်လှမ်းနိုင်မည်ဟုဆို

မော်စကို ဇူလိုင် ၂၁

ရုရှားနိုင်ငံသည် ကီလိုမီတာ ရာပေါင်းများစွာအကွာအဝေး၌ရှိသော ရန်သူ့သင်္ဘောများနှင့် ရေငုပ်သင်္ဘောများအား ဂြိုဟ်တုကွန်ရက်မှတစ်ဆင့် ရှာဖွေထောက်လှမ်းနိုင်စွမ်းရှိသည့် တစ်မူထူးခြားသောဆိုနာစနစ်သစ်ကို ထုတ်လုပ်လျက်ရှိကြောင်း Izvestia သတင်းစာတွင် ဖော်ပြထားသည်ဟု ဇူလိုင် ၂၀ ရက် Newsnow သတင်းတစ်ရပ်အရ သိရသည်။



အာတိတ်ဒေသရှိ ရုရှားနိုင်ငံ၏ရေပိုင်နက်များကို အကာအကွယ်ပေးရန်အတွက် ခေတ်အမီဆုံးဆိုနာစနစ်တစ်ခုအား ထုတ်လုပ်လျက်ရှိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းအရင်းအမြစ်တစ်ခု၏ ပြောကြားချက်ကို ကိုးကား၍ Izvestia သတင်းစာတွင် ဖော်ပြထားသည်။

အဆိုပါစနစ်တွင် ရေပေါ်နှင့်ရေအောက်ရှိ အရာဝတ္ထုများ၏ အသံအချက်ပြမှုများအား ခြေရာခံထောက်လှမ်းနိုင်ပြီး ဂြိုဟ်တုများမှတစ်ဆင့် မြေပြင်အခြေစိုက်ထိန်းချုပ်ရေးစင်တာတစ်ခုသို့ သတင်းအချက်အလက်များ လွှဲပြောင်းပေးပို့မည့် ခေတ်မီဆိုနာဗော်ယာများနှင့် ရေအောက်အာရုံခံစနစ်များကို တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းအား ၂၀၁၇ ခုနှစ်တွင် အပြီးသတ်ဆောင်ရွက်နိုင်ရန်စီစဉ်ထားကြောင်းနှင့် ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ အတည်ပြုချက်ရရှိပါက အဆိုပါဆိုနာစနစ်သစ်အား တပ်တော်သွင်းသွားမည်ဖြစ်ကြောင်း ၎င်းသတင်းအရင်းအမြစ်ကပြောကြားသည်။ ထို့ပြင် အပြည့်အဝတပ်ဆင်ထားပြီးသော ဆိုနာစနစ်သည် စတုရန်းကီလိုမီတာ ရာပေါင်းများစွာကွာဝေးသောဧရိယာတစ်ခုအား လွှမ်းခြုံနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆိုနာစနစ်အား ထုတ်လုပ်မည့်စီမံကိန်းကို Almaz Antey ရုရှားလေကြောင်းရန်ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

***Ref: Newsnow(KT)***

## အာဏာသိမ်းရန်ကြံစည်မှု ဖြစ်ပွားခဲ့ပြီးနောက် တူရကီသမ္မတက အရေးပေါ်ကြေညာချက်ထုတ်ပြန်

အန်ကာရာ ဇူလိုင် ၂၁

တူရကီနိုင်ငံ၌ ပြီးခဲ့သည့်ရက်သတ္တပတ်က စစ်ဘက်ကအာဏာသိမ်းရန်ကြံစည်မှုဖြစ်ပွားခဲ့ပြီးနောက် အစိုးရအနေဖြင့်တက္ကသိုလ်ကျောင်းသားများ၊ အစိုးရဌာနများ၊ တရားစီရင်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့တို့မှ အဖွဲ့ဝင်ထောင်ပေါင်းများစွာတို့၏ ဆန္ဒပြမှုများအား ဖြိုခွင်းမှုကိုအစိုးရက တိုးမြှင့်ဆောင်ရွက်နေစဉ် သမ္မတ ရီဆပ်တေရစ်အာဒိုဂန်က ဇူလိုင် ၂၁ ရက်တွင် အရေးပေါ်ကြေညာချက်တစ်ရပ်ကိုထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါအရေးပေါ်ကြေညာချက်အရ အစိုးရအနေဖြင့် အာဏာသိမ်းမှုအား ထောက်ခံနေသူများနှင့်စပ်လျဉ်း၍ မြန်ဆန်ထိရောက်သော ဆောင်ရွက်မှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အာဒိုဂန်က ပြောကြားခဲ့သည်။

၎င်းအရေးပေါ်ကြေညာချက်ကိုတူရကီအစိုးရ၏ တရားဝင်အမိန့်ပြန်တမ်းတွင်ဖော်ပြခဲ့ပြီး ၎င်းကြေညာချက်တွင်ပါဝင်သောစည်းမျဉ်းစည်းကမ်းအရ သမ္မတနှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများအနေဖြင့် ဥပဒေသစ်များထုတ်ပြန်ရာတွင် လုပ်ငန်းအမြန်ဆုံးပြီးမြောက်စေရန် စည်းမျဉ်းစည်းကမ်း လုပ်နည်းလုပ်ဟန်စသည်တို့ကို ဘေးဖယ်ထားခွင့်ရှိပြီး လူ့အခွင့်အရေးနှင့်လွတ်လပ်ခွင့်အပေါ် ကန့်သတ်ခွင့်ရှိကြောင်း သိရသည်။

တူရကီအမျိုးသားလုံခြုံရေးကောင်စီ၏ ၅ နာရီကြာဆွေးနွေးမှုပြီးသည့်နောက်တွင် အာဒိုဂန်က အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ရှေ့မှောက်တွင်ယင်းကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အဆိုပါကြေညာချက်ထုတ်ပြန်မှုအား အစိုးရရုပ်သံဌာနတစ်ခုက တိုက်ရိုက်ထုတ်လွှင့်ခဲ့သည်။

အရေးပေါ်ကြေညာချက်ထုတ်ပြန်ရသည့် ရည်ရွယ်ချက်မှာ တူရကီနိုင်ငံသားများ၏ အခွင့်အရေးနှင့်လွတ်လပ်ခွင့်၊ ဒီမိုကရေစီစနစ်အား ခြိမ်းခြောက်နေမှုနှင့်ပတ်သက်၍ ထိရောက်မြန်ဆန်သောဆောင်ရွက်မှုများပြုလုပ်နိုင်ရန်ဖြစ်ကြောင်း အာဒိုဂန်ကဆက်လက်ပြောကြားခဲ့သည်ဟုသိရသည်။

***Ref: Reuters***

## အမေရိကန်၏ဒုံးကျည်ပြန့်ချမှုကို ဆန့်ကျင်သည့်အနေဖြင့် ဆိုးလ်မြို့၌ ပြည်သူ ၁၀၀၀ ကျော်က ဆန္ဒပြ

ဆိုးလ် ဇူလိုင် ၂၁

တောင်ကိုရီးယားနိုင်ငံအတွင်း အမေရိကန်၏ ဒုံးကျည်စနစ်တပ်ဖြန့်ချထားမှုကိုခွင့်ပြုရန် ဆုံးဖြတ်ခဲ့ခြင်းအပေါ် ဆန့်ကျင်သည့်အနေဖြင့် ပြည်သူ ၁၀၀၀ ကျော်က ဆိုးလ်မြို့၌ ဇူလိုင် ၂၁ ရက်တွင် ဆန္ဒပြခဲ့ကြောင်းသိရသည်။

အဆိုပါဆန္ဒပြသူများသည် အမေရိကန်၏ THAAD ဒုံးကျည်တပ်ဖြန့်ချထားမှုကို အတည်ပြုထောက်ခံသည့် တောင်ကိုရီးယားအစိုးရ၏ဆုံးဖြတ်ချက်အား ပြန်လည်ရုပ်သိမ်းရန်တောင်းဆိုခဲ့ကြောင်းသိရသည်။

ထို့ပြင် ယင်းဒုံးကျည်တပ်ဖြန့်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် ပြည်သူများ၏ ကျန်းမာရေးချို့တဲ့မှုများဖြစ်ပေါ်လာနိုင်ကြောင်း အစရှိသည့် မကျေနပ်ချက်များအား ဆန္ဒပြသူများက နိုင်ငံရေးကြွေးကြော်သံများဖြင့်ဟစ်ကြွေးကာဖွင့်ဟခဲ့သည်။

တောင်ကိုရီးယားသမ္မတ ပါ့ခ်ဂွမ်ဟေးသည် ယခုရက်အစောပိုင်းကပြုလုပ်ခဲ့သည့် အင်တာဗျူးအစီအစဉ်တစ်ခုတွင် THAAD ဒုံးကျည်တပ်ဖြန့်မှုအစီအစဉ်ကို ပြီးစီးအောင်ဆောင်ရွက်သွားမည်ဟုကြေညာခဲ့ပြီး နိုင်ငံအတွင်း ၎င်းဒုံးကျည်တပ်ဖြန့်ချထားမှုသည် မြောက်ကိုရီးယား၏ခြိမ်းခြောက်မှုများအား ကာကွယ်ရန်အတွက်ဖြစ်ကြောင်း ၎င်းက ပြောကြားထားသည်။

မိမိတို့အစိုးရအနေဖြင့် တောင်ကိုရီးယားပြည်သူများ၏ အသက်အန္တရာယ်အပေါ် မြောက်ကိုရီးယား၏ခြိမ်းခြောက်မှုနှင့် နိုင်ငံ၏လုံခြုံရေးကိုကာကွယ်ရန်အတွက် လိုအပ်သည့်ဆောင်ရွက်ချက်များအား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပါ့ခ်ကထပ်လောင်းပြောကြားခဲ့သည်ဟုသိရသည်။

***Ref: Press TV***

## ဆစ်ဒနီမြို့ရှိ ဂေါက်ကွင်း၏ရေကန်အတွင်းသို့ လေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်စဉ် ပျက်ကျ



ဆစ်ဒနီ ဇူလိုင် ၂၁

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၏ အနောက်တောင်ပိုင်းတွင် ဇူလိုင် ၂၁ ရက် မွန်းလွဲပိုင်းက အပေါ့စားလေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်ခဲ့ရာ ဂေါက်ကွင်းတစ်ကွင်းရှိ ရေကန်အတွင်းသို့ ပျက်ကျသွားခဲ့ကြောင်း သိရသည်။

အဆိုပါ အပေါ့စားလေယာဉ်သည် အနီးရှိ ဘန့်ခ်စတောင်းလေဆိပ်မှ မွန်းလွဲ ၂ နာရီခန့်ကထွက်ခွာလာခဲ့ခြင်းဖြစ်ပြီး လေယာဉ်ပေါ်တွင် လူသုံးဦးလိုက်ပါလာကြောင်း ဩစတြေးလျ ပြည်တွင်းလေကြောင်းပျံသန်းမှုဘေးအန္တရာယ်ကင်းရှင်းရေးအာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည်။

အဆိုပါ လေယာဉ်၏ အင်ဂျင်သည် ပျံသန်းနေစဉ် စက်ချွတ်ယွင်းသွားခဲ့ဖွယ်ရှိကြောင်း၊ ယင်းနောက်တွင် လေယာဉ်မှူးက နောက်ကြောင်းပြန်လှည့်ရန် ကြိုးပမ်းခဲ့ကြောင်း၊ ထို့နောက် လီဘာပူးဂေါက်ကွင်းသို့ အရေးပေါ်ဆင်းသက်နေစဉ် ပျက်ကျသွားခဲ့ခြင်းဖြစ်ကြောင်း ပြည်တွင်းလေကြောင်းပျံသန်းမှုဘေးအန္တရာယ်ကင်းရှင်းရေးအာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားထားသည်။ သို့သော် လေယာဉ်ပေါ်တွင်လိုက်ပါလာသူတစ်ဦးမျှ ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

အဆိုပါ လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းနှင့်စပ်လျဉ်း၍ အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိသည်။

***Ref: ABC News, theaustralian***

## စစ်အေးခေတ် ထောက်လှမ်းရေးဆက်သွယ်မှုနည်းလမ်းကို မြောက်ကိုရီးယားက ပြန်လည်ကျင့်သုံးနေဟု တောင်ကိုရီးယားဝေဖန်

ဆိုးလ် ဇူလိုင် ၂၁

မြောက်ကိုရီးယားအစိုးရသည် စစ်အေးခေတ် ထောက်လှမ်းရေးဆက်သွယ်မှုနည်းလမ်းကို ပြန်လည်ကျင့်သုံးနေသည်ဟု တောင်ကိုရီးယားအစိုးရက ပြစ်တင်ဝေဖန်ထားကြောင်းသိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း မြောက်ကိုရီးယားက ရေဒီယိုအသံလွှင့်မှုနှင့်ပတ်သက်၍ ထူးဆန်းသောနံပါတ်များကိုနှစ်ကြိမ်ထုတ်လွှင့်ခဲ့ပြီးနောက် တောင်ကိုရီးယားအစိုးရ၏ အဆိုပါပြောကြားမှုထွက်ပေါ်လာခြင်းဖြစ်သည်။

သို့သော် ၎င်းအကြောင်းအရာများမှာ မြောက်ကိုရီးယား၏ ဖုံးကွယ်ထားသော ရည်ရွယ်ချက်ဖြစ်နိုင်မှုရှိ၊ မရှိမသေချာသေးကြောင်း၊ သို့ရာတွင် မြောက်ကိုရီးယားအစိုးရအနေဖြင့် ခေတ်နောက်ကျနေပြီဖြစ်သော လုပ်ရပ်များအား အသုံးပြုနေခြင်းကို ရပ်တန့်မှုရပ်ရန် တောင်ကိုရီးယားနိုင်ငံ၏ ပေါင်းစည်းရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့ရှိ အသံလွှင့်ဌာနတစ်ခုက ဇူလိုင် ၁၅ ရက်တွင် နံပါတ် ၂၇ စူးစမ်းရှာဖွေရေးကိုယ်စားလှယ်များ၊ စာမျက်နှာ ၄၅၉ မှ နံပါတ် ၃၅၊ စာမျက်နှာ ၉၁၃ မှ နံပါတ် ၅၅၊ စာမျက်နှာ ၁၃၅ မှ နံပါတ် ၈၆၊ စာမျက်နှာ ၂၅၇ မှ နံပါတ် ၂ ဟု ရှင်းလင်းမှုမရှိသောထုတ်လွှင့်မှုများကို ထုတ်လွှင့်ခဲ့ကြောင်း AP သတင်းဌာနကဖော်ပြခဲ့သည်။

တောင်ကိုရီးယားထောက်လှမ်းရေးဌာနမှ အာဏာပိုင်များက ယင်းနံပါတ်များနှင့်ပတ်သက်၍ လျှို့ဝှက်ချက်ကိုဖော်ထုတ်ရန် ကြိုးပမ်းခဲ့ပြီး မြောက်ကိုရီးယားသည် ရန်စသောလုပ်ရပ်များကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ၎င်းတို့ကပြောကြားထားသည်ဟု သိရသည်။

***Ref: BBC***

## အာမေးနီးယား၌ ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသူများအကြား ပဋိပက္ခဖြစ်ပွား၊ လူ ၄၅ ဦးဒဏ်ရာရရှိ



ယယ်ရဗန် ဇူလိုင် ၂၁

အာမေးနီးယားနိုင်ငံ ယယ်ရဗန်မြို့တော်ရှိ ရဲဌာနတစ်ခုအပြင်ဘက်၌ ဇူလိုင် ၂၀ ရက်က ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသူများအကြား ပဋိပက္ခဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၄၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဆန္ဒပြသူများသည် ကျောက်တုံးများဖြင့် ပစ်ပေါက်ခဲ့ကြခြင်းဖြစ်ပြီး ယင်းလူအုပ်ကို ဖြိုခွင်းရန်အတွက် ရဲတပ်ဖွဲ့က မေ့ဆေးလက်ပစ်ဗုံးများအသုံးပြုခဲ့ရကြောင်း၊ ယင်းဆန္ဒပြမှုတွင် ပါဝင်ခဲ့သူများကို ဖမ်းဆီးထိန်းသိမ်းထားကြောင်းနှင့် အဆိုပါဒဏ်ရာရရှိသူများအနက် ၂၅ ဦးမှာ ရဲအရာရှိများဖြစ်ပြီး အခြား ၁၈ ဦးမှာမူ စိုးရိမ်ရသည့်အခြေအနေတွင်ရှိကြောင်း အာမေးနီးယားကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

အဆိုပါဆန္ဒပြသူများသည် ရဲစခန်းအတွင်း ဖမ်းဆီးထိန်းသိမ်းခံထားရသူများအား ထောက်ခံသူများဖြစ်ကြောင်းနှင့် အလားတူဆန္ဒပြမှုများသည် ယင်းရဲစခန်း၌ ပြီးခဲ့သည့်ရက်အနည်းငယ်ကလည်းဖြစ်ပွားခဲ့သည်။

အစိုးရအတိုက်အခံအဖွဲ့နှင့် ဆက်စပ်မှုရှိသည့် လက်နက်ကိုင်အကြမ်းဖက်သမားများသည် ဇူလိုင် ၁၇ ရက်က ယယ်ရဗန်မြို့ရှိ ရဲဌာနအဆောက်အအုံကို စီးနင်းတိုက်ခိုက်ခဲ့ရာ ရဲအရာရှိတစ်ဦးသေဆုံးပြီး အခြားအများအပြားဒဏ်ရာရရှိခဲ့ကြောင်းနှင့် ယင်းလက်နက်ကိုင် သေနတ်သမားငါးဦးကို ဓားစာခံများအဖြစ် အချုပ်ခန်းအတွင်း ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

***Ref: Press TV***

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



## ဟင်းသီးဟင်းရွက်ပင်အကြောင်းသိကောင်းစရာ

ဒေါက်တာချစ်
(ထပ်ဆင့်အမျိုးသားစာပေဆုရ)

**ကညွတ်ပင်သည် ရေအတက်အကျရှိသောနေရာနှင့် စနယ်မြေစေးတို့၌ မဖြစ်ထွန်းဘဲ အစိုဓာတ်ရှိသော သဲနုန်းမြေမျိုးတွင်ဖြစ်ထွန်းသည်။ ကညွတ်ပင်သည် ၁၀ နှစ်ခန့်ကြာအထိ နှစ်စဉ်ရိတ်သိမ်းနိုင်သော သီးနှံဖြစ်သဖြင့် စိုက်ကွက်ပြုပြင်မှုကို ဂရုစိုက်ရသည်။ ထို့ကြောင့် မစိုက်ပျိုးမီကပင် မြေကွက်တွင်.....**

**ကညွတ်**

အစို့အညှောက်ကိုစားရသော နှစ်ရှည်သီးနှံပင်ဖြစ်သည်။ အပင်မှာ ၇ လက်မ၊ ၉ လက်မခန့် မြင့်ပြီး ၉ လက်မခန့်အရွက်ဖြာထွက်သည်။ မြေထဲပင်လယ်ကမ်းခြေရှိ သဲသောင်ပြင်မှ နှစ်ထောင်ချီရှိသောကာလမှပင် အစပျိုးခဲ့သည်ဟုဆိုသည်။ ဆားငန်ဓာတ်ကို အတော်ခံနိုင်သည်။ မြေပေါ်ပေါ်လာပြီး နှစ်လခန့်အထိကြာအောင် အပင်ကိုဖြတ်ယူစားသုံးနိုင်သည်။ မဖြတ်ဘဲထားသော အစို့သည် ရှည်ထွက်လာပြီး အမြစ်သစ်များထွက်၍ နောက်နှစ်အတွက် အစို့သစ်ထွက်လာသည်။ အမြစ်ဖူးကိုဖြစ်စေ၊ မကြီးထွားဘဲငြိမ်နေသော တစ်နှစ်သားအမြစ်များကိုဖြစ်စေ မျိုးအဖြစ်သုံးရသည်။

ကညွတ်ပင်သည် ရေအတက်အကျရှိသော နေရာနှင့် စနယ်မြေစေးတို့၌ မဖြစ်ထွန်းဘဲ အစိုဓာတ်ရှိသော သဲနုန်းမြေမျိုးတွင် ဖြစ်ထွန်းသည်။ ကညွတ်ပင်သည် ၁၀ နှစ်ခန့်ကြာအထိ နှစ်စဉ်ရိတ်သိမ်းနိုင်သော သီးနှံဖြစ်သဖြင့် စိုက်ကွက်ပြုပြင်မှုကို ဂရုစိုက်ရသည်။ ထို့ကြောင့် မစိုက်ပျိုးမီကပင် မြေကွက်တွင် သဘာဝမြေဩဇာကို အလုံအလောက်ထည့်ပေးထားရသည်။ အကွက်တွင် ရေမဝပ်စေရန် အထူးဂရုစိုက်ရသည်။ မြေအချဉ်အငန်မျှတစေရန် လိုအပ်ပါက ထုံးမှုန့်ထည့်ပေးရသည်။ အချဉ်ဓာတ်အနည်းငယ်ရှိသော မြေတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သော်လည်း ရောဂါဒဏ်မခံနိုင်တော့ချေ။ မူရင်းဒေသမှာ မြေထဲပင်လယ်ဒေသဖြစ်သည်။

**(၁) စိုက်ပျိုးခြင်း**

ကညွတ်ပင်ကို မေ၊ ဇွန် မိုးဦးကျတွင် စိုက်ပျိုးကြသည်။ စိုက်ပျိုးရန်မြောင်းကို မြေစေးတွင် ၆ လက်မခန့်နှင့် သဲဆန်သော မြေမှာတွင် ၈ လက်မနှင့် ၁၀ လက်မခန့်အနက်အထိ တူးရ၏။ အမြစ်ဖူး(အမြစ်ဆုံ)များကို ၁၂ လက်မ ( ၁ ပေ) ခြား၍ စိုက်ပျိုးရသည်။ ဖော့စ်ဖားရပ်မြေဩဇာ လိုအပ်သဖြင့် စိုက်မြောင်းထဲသို့ ထည့်ပေးရသည်။ သို့ရာတွင် နိုက်ထရိုဂျင်ဓာတ်များသော မြေဩဇာကို မကျွေးရချေ။ အမြစ်ဖူးများကို ၃ လက်မခန့်ထူအောင် မြေနှင့် ဖွဖွလေး ဖုံးပေးရသည်။ အပင်ပေါက်ပြီး ခြောက်ပတ် (တစ်လခွဲ) ခန့်ကြာသောအခါ မြောင်းထဲသို့ မြေကို ၃ လက်မ ထပ်ပြီးဖြည့်ပေးရသည်။ ထိုသို့ နောက်ထပ်ဖြည့်ပေးသောမြေကိုမြေဆွေးများများရောပြီး ထည့်ပေးရသည်။ အပူချိန် ၈၆ ဒီဂရီ ၉၅ ဒီဂရီဖာရင်ဟိုက်၌ မျိုးစေ့ကိုသုံးရက်၊ လေးရက်ကြာအောင် ရေစိမ်၍ စိုက်ပျိုးသင့်သည်။

နွေဦးပေါက်ရာသီတိုင်း စိုက်တန်းများကို မြေဆွေးနှင့် ၂ လက်မခန့် ဖုံးပေးရသည်။ ကညွတ်ပင်သည် ပိုတက်စီယမ်ဓာတ် လိုအပ်သဖြင့် မြေဆီလွှာကိုစစ်ဆေးပြီး လိုအပ်လျှင် ထည့်ပေးရသည်။ မလိုအပ်ဘဲ မထည့်သင့်ချေ။ လိုအပ်လျှင် ၅-၁၀-၁၀ ကွန်ပေါင်းမြေဩဇာမျိုးကို ထည့်ပေးရသည်။

ပေါင်းမြက်ရှင်းလင်းပေးရန် အထူးလိုအပ်သည်။ ပေါင်းမြက်ရှင်းလင်းသောအခါ အမြစ်များကို မထိခိုက်စေရန် သတိထားရသည်။ ကညွတ်ပင်သည် မိုးခေါင်ဒဏ်ကို ခံနိုင်သော်လည်း အပင်ငယ်စဉ် ရေကိုအလုံအလောက်ပေးရသည်။

**(၂) ရိတ်သိမ်းခြင်း**

ကညွတ်ပင်ကို စိုက်ပျိုးသောနှစ်တွင် မရိတ်သိမ်းဘဲ နောက်နှစ်မှစ၍ နှစ်စဉ် ရိတ်သိမ်းနိုင်၏။ ပထမနှစ်တွင် စ၍ရိတ်သိမ်းပါက အပင်များ အားနည်းပြီး နောင်နှစ်များတွင် အထွက်နှုန်းလျော့နည်းနိုင်သည်။ အဖူးစိုက်ပျိုးသောအကွက်မှ ဒုတိယနှစ်တွင် ရိတ်သိမ်းရာ၌ နှစ်ပတ်ခန့်သာ ရိတ်သိမ်းရသည်။ တတိယနှစ်တွင် ထုံးစံအတိုင်း ငါးပတ်နှင့် ရှစ်ပတ်အထိ ရိတ်သိမ်းနိုင်သည်။ ရိတ်သိမ်းသင့်သော အရွယ်အစားမှာ အရင်း၌ အတုတ်လက်မဝက်ခန့်ရှိပြီးလျှင် အရှည် ၇ လက်မ၊ ၉ လက်မနှင့် အဖူးကျစ်လျစ်နေသော အရွယ်ဖြစ်သည်။ ရာသီဥတုပူနွေးလျှင် နေ့စဉ်ရိတ်သိမ်းနိုင်ပြီး ရာသီအေးလျှင် သုံးရက်၊ လေးရက်တစ်ကြိမ် ရိတ်သိမ်းနိုင်သည်။ ကညွတ်ပင်သည် အလွန်ပျက်စီးလွယ်သဖြင့် စိုထိုင်းသော စက္ကူလက်သုတ်ပဝါနှင့်ပတ်ပြီး ရေခဲသေတ္တာထဲတွင် ထားသည့်တိုင် ရက်အနည်းငယ်သာ ထားနိုင်သည်။

**(၃) ပိုးမွှားရောဂါ**

ဖြူဆေးနီးယမ်မြစ်ပုပ်မှိုရောဂါနှင့် သံချေးတက်ရောဂါကျရောက်တတ်သဖြင့် ရောဂါဒဏ်ခံနိုင်သော မျိုးကိုရွေးချယ်ပြီး ယခင်က ကညွတ်မစိုက်ဖူးသေးသောနေရာ၌ စိုက်ပျိုးသင့်သည်။ ထို့ပြင် ကျိုင်းကောင်ပိုးလည်း ကျရောက်တတ်သည်။ လက်နှင့်ကောက်ယူ၍ ဖြစ်စေ၊ ဆေးဖျန်း၍ဖြစ်စေ နှိမ်နင်းနိုင်သည်။

**(၄)ကညွတ်မျိုး**

ကညွတ်မျိုးများစွာရှိသည့်အနက် အမေရိကန်နိုင်ငံတွင် ဂျာစီဂျိုင်းရင့်မျိုးကို ကျယ်ပြန့်စွာ စိုက်ပျိုးနေသည်။ မြေစေးတွင် ဂျာစီနိုက်သည် ပိုမိုသင့်လျော်ပြီး ဂျာစီစုပရင်းသည် ဂျာစီမျိုးများအနက် အထွက်နှုန်းအကောင်းဆုံးဖြစ်သည်။ ဂျာစီမျိုးများသည် ရောဂါဒဏ်ကို ပိုမိုခံနိုင်ကြသည်။ ပူပြီးခြောက်သွေ့သောရာသီရှိသည့်ဒေသတွင် ကယ်လီဖိုးနီးယားမျိုး ယူစီ-၁၅၇ ကို စိုက်ပျိုးကြသည်။ သို့မဟုတ် ပါပဲလ်ပက်ရှင်မျိုးကိုလည်း စိုက်ပျိုးကြသည်။

မြန်မာနိုင်ငံ၌ အော့ဖိစီနယ်လစ်မျိုးသည် ထင်ရှားသည်။ အပင်အမြင့် ၃ ပေ၊ ၇ ပေခန့်ရှိပြီး အဖိုပင်၊ အမပင်ဟူ၍ နှစ်မျိုးရှိသည်။ ထို့ပြင် မေရီဝါရှင်တန်မျိုးသည် သံချေးတက်ရောဂါဒဏ်ခံနိုင်ပြီး အချိန်စော၍ ပေါ်သည်။ အထွက်ကောင်းသည်။ သမပိုင်းရာသီကိုကြိုက်ကြပြီး အလွန်အေးသောအချိန်တွင် အရွက်ကျပြီး အပင်အနားယူသည်။ ကညွတ်ပင် နုးညံ့ပျော့ပျောင်းစေရန် အစို့ထွက်ချိန်မှစပြီး အလင်းရောင်မဝင်အောင် မြေကြီးနှင့်ဖုံးအုပ်ထား၍ဖြစ်စေ၊ ပလတ်စတစ်ဘူးအနက်နှင့်ကာ၍ဖြစ်စေ ပြုလုပ်နိုင်သည်။

**(၅) အာဟာရဓာတ်**

ကညွတ်တွင်ပါဝင်သော အာဟာရဓာတ်များမှာ အစိုဓာတ် ၉၃ ဒသမ သုည ရာခိုင်နှုန်း၊ အဆီဓာတ် သုည ဒသမ ၂ ရာခိုင်နှုန်း၊ ကယ်လ်ဆီယမ်ဓာတ် သုည ဒသမ ၂၁ ရာခိုင်နှုန်း၊ အမျှင်ဓာတ် သုည ဒသမ ၇ ရာခိုင်နှုန်း၊ ကော်ဓာတ် သုည ဒသမ ၄ ရာခိုင်နှုန်း၊ ပရိုတိန်းဓာတ် ၂ ဒသမ ၂ ရာခိုင်နှုန်း၊ ပြာဓာတ် သုည ဒသမ ၆ ရာခိုင်နှုန်း၊ တခြားကာဘိုဟိုက်ဒရိတ် ၃ ဒသမ ၉ ရာခိုင်နှုန်း၊ သကြားဓာတ် သုည ဒသမ ၀၀၁၂ ရာခိုင်နှုန်း၊ သံဓာတ် သုည ဒသမ ၀၀၁၂ ရာခိုင်နှုန်းနှင့် ကယ်လိုရီ ၁၂၀ တို့ ပါဝင်သည်။

## စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများဟောပြော

တောင်ကြီး ဇူလိုင် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် ကျောင်းသား၊ ကျောင်းသူများအား ဘေးဥပဒ်အန္တရာယ်ရှိစေသော အစားအသောက်များနှင့်ပတ်သက်၍ ဟောပြောခြင်း၊ ကျောင်းမုန့်ဈေးတန်းရောင်းချသူများအား စားသုံးသူအကာအကွယ်ပေးရေးဟောပြောခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအသိပညာပေးဟောပြောခြင်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးခွန်ကျော်ဌေးက "ပြည်သူတွေက စားဝတ်နေရေးအတွက် နေ့စဉ်လှုပ်ရှားနေရပြီး လုံခြုံစိတ်ချမှုမရှိတဲ့ အစားအသောက်တွေကြောင့် ကျန်းမာရေးထိခိုက်လာနိုင်ကာ လူ့စွမ်းအားအရင်းအမြစ်တွေဆုံးရှုံးရပါတယ်။ ဒါကြောင့် တစ်မျိုးသားလုံးကျန်းမာရေးအတွက် အခုလို စဉ်ဆက်မပြတ် ပညာပေးမှုတွေ၊ ဘေးအန္တရာယ်ဖြစ်စေတဲ့ အစားအသောက်စစ်ဆေးမှုတွေ၊ အရေးယူမှုတွေ ဆောင်ရွက်နေရတာပါ။ တာဝန်ရှိတဲ့ အဖွဲ့အစည်းတွေအားလုံး ပူးပေါင်းဆောင်ရွက်ရင်တော့ ပိုပြီးအောင်မြင်မှာပါ" ဟု ပြောကြားသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စင်ကြည်ဝင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းဈေးတန်းမှ မုန့်ရောင်းချသူများ တက်ရောက်ကြကြောင်း သိရသည်။ (၄၀၅)

## ကုန်စည်ဈေးနှုန်းများ

**အခြေခံစားသောက်ကုန်**

**ဆန်**

| | | | | | |
|---|---|---|---|---|---|
| ပေါ်ဆန်း (ဖျာပုံ) | တစ်ပြည် | ၁၄၀၀ | - | ၁၈၀၀ | ကျပ် |
| ပေါ်ဆန်း (ရွှေဘို) | တစ်ပြည် | ၁၉၀၀ | - | ၂၄၀၀ | ကျပ် |
| တောင်ပြန် | တစ်ပြည် | ၁၀၀၀ | - | ၁၃၀၀ | ကျပ် |
| ဧည့်မထ | တစ်ပြည် | ၈၀၀ | - | ၁၀၀၀ | ကျပ် |

**ဆီ**

| | | | |
|---|---|---|---|
| မြေပဲဆီ | တစ်ပိဿာ | ၅၀၀၀ | ကျပ် |
| နှမ်းဆီ | တစ်ပိဿာ | ၄၄၀၀ | ကျပ် |
| စားအုန်းဆီ | တစ်ပိဿာ | ၁၄၇၀ | ကျပ် |

**အထက်ပါဈေးနှုန်းများသည် ဘုရင့်နောင်ကုန်စည်ဒိုင်မှ ကောက်ယူထားခြင်းဖြစ်ပါသည်။**

**စက်သုံးဆီ**

| | | | |
|---|---|---|---|
| ပရီမီယံဒီဇယ် | တစ်လီတာ | ၅၉၀ | ကျပ် |
| ဒီဇယ် | တစ်လီတာ | ၅၆၀ | ကျပ် |
| ဓာတ်ဆီ | တစ်လီတာ | ၅၆၀ | ကျပ် |
| အောက်တိန်း (92) | တစ်လီတာ | ၅၉၀ | ကျပ် |
| အောက်တိန်း (95) | တစ်လီတာ | ၆၅၀ | ကျပ် |

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | | |
|---|---|---|---|---|
| အခေါက်ရွှေ ၁၆ ပဲရည်တစ်ကျပ်သား | | - | ၈၃၅၅၀၀ | ကျပ် |
| ၁၅ ပဲရည် | တစ်ကျပ်သား | - | ၇၈၆၄၀၀ | ကျပ် |

**နိုင်ငံခြားငွေကြေး**

| | | | | | |
|---|---|---|---|---|---|
| အမေရိကန်ဒေါ်လာ | တစ်ဒေါ်လာ | ၁၁၈၃ | - | ၁၁၉၁ | ကျပ် |
| စင်ကာပူဒေါ်လာ | တစ်ဒေါ်လာ | ၈၆၇ | - | ၈၇၇ | ကျပ် |
| ယူရို | တစ်ယူရို | ၁၂၉၈ | - | ၁၃၀၇ | ကျပ် |
| ယွမ် | တစ်ယွမ် | ၁၇၃ | - | ၁၇၈ | ကျပ် |
| ဘတ် | တစ်ဘတ် | ၃၃.၇ | - | ၃၄ | ကျပ် |
| ရင်းဂစ် | တစ်ရင်းဂစ် | ၂၉၀ | - | ၂၉၅ | ကျပ် |
| စတာလင်ပေါင် | တစ်ပေါင် | ၁၅၆၅ | - | ၁၅၇၀ | ကျပ် |
| ယန်း | တစ်ယန်း | ၁၁.၁ | - | ၁၁.၄ | ကျပ် |

**သိမ်ဖြူငွေလဲကောင်တာမှ ကောက်ယူထားသောနှုန်းဖြစ်ပါသည်။**

(၂၈၀)

## မကွေး-မြို့သစ်ကားလမ်း စလေချောင်းရေကျော်၌ ခရီးသည်တင်ယာဉ်တစ်စီး ရေစီးနှင့်မျောပါ




မကွေး ဇူလိုင် ၂၁

မကွေး-မြို့သစ်ကားလမ်း စလေချောင်းရေကျော်၌ ယမန်နေ့ ည ၇ နာရီက ခရီးသည်တင်ယာဉ်တစ်စီး ရေစီးနှင့်မျောပါကြောင်း သိရသည်။

မကွေး-မြို့သစ်ကားလမ်းမိုင်တိုင် အမှတ်(၆၆/၄)ဝွေးတောကျေးရွာအနီး အကျယ်ပေ ၄၀ ရှိ စလေချောင်းရေကျော်တွင် မိုးရွာသွန်းမှုကြောင့် ချောင်းရေကျပြီး ရေစီးသန်လျက်ရှိရာ မကွေးမှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဇော်မိုး ၄၀ နှစ် မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်သည် ချောင်း၏ယာဘက်ကမ်းစပ်မှ ၁၀ ပေခန့်အကွာ၌ ရေစီးနှင့် မျောပါခြင်းဖြစ်သည်။

အဆိုပါခရီးသည်တင်ယာဉ်ပေါ်တွင် ယာဉ်မောင်းအပါအဝင် စုစုပေါင်းခရီးသည် ၁၇ ဦးပါရှိခဲ့ပြီး ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

ယင်းခရီးသည်တင်ယာဉ် မျောပါသည့်နေရာသို့ မကွေးတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး၊ လူနာတင်ယာဉ်တစ်စီး၊ မီးငြိမ်းသတ်ယာဉ်တစ်စီးတို့ဖြင့် သွားရောက်ကာ ယာဉ်လမ်းကြောင်းများရှင်းလင်းခြင်း၊ ယာဉ်များ ဖြတ်ကူးမှုမရှိစေရေးအတွက် သတိပေးခြင်းများဆောင်ရွက်ခဲ့ပြီး ရေလမ်းကြောင်းပြ အမှတ်အသားများ ပြုလုပ်ပေးခဲ့သည်။

အဆိုပါ မကွေး-မြို့သစ်ကားလမ်း စလေချောင်းရေကျော်၌ ယနေ့တွင် ယာဉ်များပုံမှန်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



## ကမ္ဘာ့ကိုယ်ခံပညာ ပေါင်းစုံ ပြိုင်ပွဲတွင် ထွန်းထွန်းမင်း၏ပြိုင်ဘက် အပြောင်းအလဲဖြစ်




ရန်ကုန် ဇူလိုင် ၂၁

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဇူလိုင် ၃၁ ရက်တွင် ကျင်းပမည့် Ganryujima (ဂန်လျူ ဂျီးမား) ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့ရိုးရာလက်ဝှေ့ကျော်ထွန်းထွန်းမင်း၏ ပြိုင်ဘက်မှာ အပြောင်းအလဲဖြစ်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာပြည်ချန်ပီယံ ထွန်းထွန်းမင်းကို မူလကဘာရာဇီးလက်ဝှေ့သမားနှင့်ယှဉ်ပြိုင်ရန် စီစဉ်ခဲ့သော်လည်း ယခုအခါ ကင်ညာနိုင်ငံသား Didier Nyembwe နှင့် ပြောင်းလဲယှဉ်ပြိုင်ရန် ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံပြိုင်ပွဲကျင်းပရေးအဖွဲ့က စီစဉ်ခဲ့သည်။ ဘရာဇီးနိုင်ငံသားနှင့်ယှဉ်ပြိုင်ရန် စီစဉ်ခဲ့ပြီးမှ ပြိုင်ပွဲကျင်းပရန် နှစ်ပတ်အလိုတွင် ပြိုင်ဘက်မှာပြောင်းလဲခဲ့ခြင်းဖြစ်သည်။

"ပြိုင်ဘက်အကြောင်းကို အတိအကျတော့မသိပါဘူး။ သူထိုးထားတဲ့ပွဲတွေ ပြန်ကြည့်တာတော့ သူကလက်သီးထိုးအားအရမ်းပြင်းတာကိုတွေ့ရပါတယ်။ ပြိုင်ဘက်က အခုလိုအနီးကပ်မှ ပြောင်းသွားတဲ့အတွက် အခက်အခဲတော့ အနည်းငယ်ရှိပါတယ်။ အဲဒီအတွက် ပွဲစီစဉ်တဲ့သူတွေနဲ့ ပြန်ပြီးတော့ ဆွေးနွေးဖို့ရှိပါတယ်။ ဒီပွဲကို ထိုးတော့ထိုးဖြစ်မှာပါ။ အခုယှဉ်ပြိုင်ရမယ့်သူကလည်း ကျွန်တော့်ထက် ကိုယ်လုံးကပိုကြီးတယ်။ နောက်တစ်ခုက ကစားနည်းက မြန်မာ့ရိုးရာလက်ဝှေ့မဟုတ်ပါဘူး။ ခေါင်းလည်းမသုံးရသလို တံတောင်လည်းမရိုက်ရပါဘူး။ ကြိုးဝိုင်းကလည်း စင်မပါဘူး။ နပန်းလုံးရင်းနဲ့ ပြုတ်ကျရင်ရှုံးတယ်ဆိုတော့ အတော်လေးကိုဂရုစိုက်ပြီး လေ့ကျင့်ပြင်ဆင်နေရပါတယ်" ဟု မြန်မာ့ရိုးရာလက်ဝှေ့ကျော်ထွန်းထွန်းမင်းက ပြောသည်။

ထွန်းထွန်းမင်းသည် ယင်းပြိုင်ပွဲပြီးပါက ဩဂုတ်လတွင်ကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံလုပွဲတွင် ထိုင်းလက်ဝှေ့သမားနှင့် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

တေဂျီ

## ရှမ်းယူနိုက်တက်အသင်းကို ယခုထက်ပိုပြီး အဆင့်မြှင့်တင်ရန်လိုအပ်ကြောင်း နည်းပြချုပ် ဦးစိုးမြတ်မင်းပြောကြား

ရန်ကုန် ဇူလိုင် ၂၁

ရှမ်းပြည်နယ်ကိုယ်စားပြု ရှမ်းယူနိုက်တက်အသင်းသည် ပြည်တွင်းပြိုင်ပွဲများတွင် ခြေစွမ်းတည်ငြိမ်ခြင်းမရှိခြင်းမှာ လိုအပ်ချက်များရှိနေသောကြောင့် အသင်းအား ယခုထက်ပိုပြီး အဆင့်မြှင့်တင်ရန်လိုအပ်မည်ဟု နည်းပြချုပ်ဦးစိုးမြတ်မင်းက ပြောကြားသည်။

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၁၆ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် မကွေးအသင်းရှုံးနိမ့်သောပွဲစဉ်အပြီးတွင် အသင်း၏လိုအပ်ချက်များရှိနေကြောင်းနှင့် အဆင့်မြှင့်တင်ရန် လိုအပ်ကြောင်း ဦးစိုးမြတ်မင်းကပြောသည်။

"ကျွန်တော့်အသင်းက ရာသီအစမှာ ပြင်ဆင်မှုတွေပြုလုပ်ပြီး ကစားသမားတွေ အထိုင်မကျတာကြောင့် ရလဒ်မကောင်းခဲ့ပါဘူး။ ဒုတိယအကျော့မှာ ပြန်လည်ပြင်ဆင်ခဲ့တော့ ရလဒ်တွေကောင်းလာပါတယ်။ ဒါပေမဲ့ ခြေစွမ်းကမတည်ငြိမ်ပါဘူး။ အသင်းမှာ အဓိကလိုအပ်ချက်က ဂိုးရရှိမှုအပိုင်းမှာ လိုအပ်ချက်တွေရှိနေပါတယ်။ ပြီးတော့ အသင်းကို ဒီထက်အဆင့်မြှင့်ဖို့လိုပါသေးတယ်" ဟု ၎င်းကပြောသည်။

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၁၆ မြန်မာနေရှင်နယ်လိဂ်အစတွင် အသင်းအားပိုင်ရှင်အပြောင်းအလဲပြုလုပ်ပြီး ကမ္ဘောဇအသင်းမှ ရှမ်းယူနိုက်တက်အသင်းဟူ၍ ရှမ်းပြည်နယ်တစ်ခုလုံး ကိုယ်စားပြုအသင်းအဖြစ် ပြောင်းလဲခဲ့သည်။ ထို့နောက် ပြည်တွင်းမှ မြန်မာ့လက်ရွေးစင်လူငယ်ကစားသမားအများအပြားကို ခေါ်ယူကာ သွေးသစ်လောင်းခဲ့သည်။ သို့သော်လည်း အသင်း၏ ရလဒ်ပိုင်းတည်ငြိမ်ခြင်းမရှိဘဲ



ဗိုလ်ချုပ်အောင်ဆန်းဒိုင်းတွင် ကွာတားဖိုင်နယ်အဆင့်မှထွက်ခဲ့ရကာ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင်လည်း ရမှတ် ၂၈ မှတ်ဖြင့် အဆင့် (၆) နေရာ၌ ရပ်တည်နေကြောင်း သိရသည်။

တီတီ

## မြန်မာ့လက်ရွေးစင်ပထာမကစားသမားစာရင်းကို ပြန်လည်ရွေးချယ်ပြီး ဥရောပခရီးစဉ်တွင် ငြိမ်းချမ်းအောင်ပါဝင်မည်



ရန်ကုန် ဇူလိုင် ၂၁

ဆုဇုကီးဖလားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုအဖြစ် နိုင်ငံတကာခြေစမ်းပွဲများနှင့် ဥရောပခရီးစဉ်အတွက် မြန်မာ့လက်ရွေးစင်အသင်းပထာမကစားသမားစာရင်းကို ပြန်လည်ရွေးချယ်သွားမည်ဖြစ်ပြီး ဥရောပခရီးစဉ်တွင် ဒဏ်ရာမှပြန်လည်သက်သာလာသည့် ငြိမ်းချမ်းအောင်ပါဝင်လာမည်ဖြစ်ကြောင်း မြန်မာ့လက်ရွေးစင်အသင်းအတွင်းရေးမှူး ဦးထွန်းထွန်းအောင်ကပြောသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများအပြီး ဩဂုတ် ၂၄ ရက်တွင် စခန်းသွင်းလေ့ကျင့်မည့် မြန်မာ့လက်ရွေးစင်အသင်းအား နည်းပြချုပ်ဂတ်ဆီဇီက လက်ရှိမြန်မာနေရှင်နယ်လိဂ်တွင် ခြေစွမ်းပြနေသည့် ကစားသမားများကိုရွေးချယ်ကာ အသင်း၏ပထာမလူစာရင်းကို ပြန်လည်ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့လက်ရွေးစင်အသင်းကို ဩဂုတ် ၂၄ ရက်မှ စတင်စခန်းသွင်းလေ့ကျင့်သွားမှာပါ။ လူစာရင်းကတော့ အရင်ရွေးထားတဲ့ ၂၉ ဦးစာရင်းမဟုတ်ဘဲ မြန်မာနေရှင်နယ်လိဂ်မှာခြေစွမ်းပြနေတဲ့ ကစားသမားတချို့ကို ထပ်ပြီးအင်အားဖြည့်သွားမှာပါ။ လူစာရင်းကတော့ နည်းပြကြီး ဂျာမနီကပြန်လာပြီးနောက်ပိုင်း ထုတ်ပြန်မှာပါ" ဟု ၎င်းကပြောသည်။

ထို့နောက် ကာလအတန်ကြာဒဏ်ရာကြောင့် အနားယူနေရသည့် ငြိမ်းချမ်းအောင်သည် ဒဏ်ရာမှ ပြန်လည်သက်သာလာသောကြောင့် ဥရောပခရီးစဉ်တွင် ခေါ်ယူသွားမည်ဖြစ်သည်။

"ငြိမ်းချမ်းအောင်ရဲ့ဒဏ်ရာက သက်သာနေပါပြီ။ ဆုဇုကီးဖလားကို ပြန်ပါနိုင်မှာပါ။ ဒါကြောင့် နည်းပြက ဥရောပခရီးစဉ်မှာ သူ့ကိုခေါ်သွားမှာပါ" ဟု ၎င်းကဆက်လက်ပြောသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန် ၂၁ ရက်မှ ဩဂုတ် ၂၁ ရက်အထိ တစ်ပတ်လျှင် တစ်ရက်နှုန်းဖြင့် ရှစ်ကြိမ်လေ့ကျင့်ရန် စီစဉ်ခဲ့သော်လည်း ဗိုလ်ချုပ်အောင်ဆန်းဒိုင်းပွဲစဉ်များကြောင့် နှစ်ကြိမ်သာလေ့ကျင့်ခဲ့ရကြောင်း သိရသည်။

တီတီ

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ဆီမီးဖိုင်နယ်ပွဲစဉ်များမှစတင်ပြီး ပြည်ပဒိုင်အသုံးပြုရန် စီစဉ်နေ

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှကြီးမှူး၍ ဇူလိုင် ၃၀ ရက်တွင် စတင်ကျင်းပမည့် ၂၀၁၆ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ပြိုင်ပွဲ၏အနေအထားနှင့် ပြည်တွင်းဒိုင်လူကြီးများ၏ စွမ်းဆောင်ရည်အပေါ်တွင်သုံးသပ်ပြီး ပြည်ပဒိုင်လူကြီးများကို ငှားရမ်းအသုံးပြုသွားမည်ဖြစ်ကြောင်း MFF CEO ဦးစိုးမိုးကျော်ကပြောသည်။

"လောလောဆယ်မှာတော့ စဉ်းစားနေတုန်းပဲရှိပါတယ်။ လိုအပ်ရင် ဗိုလ်ချုပ်အောင်ဆန်းဒိုင်းပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်ကစပြီး ပြည်ပဒိုင်တွေကိုအသုံးပြုသွားမယ်။ တတ်နိုင်ရင်တော့ ပြည်ပဒိုင်တွေကိုမငှားချင်ဘူး။ ပြည်တွင်းမှာလည်း ဖီဖာအသိအမှတ်ပြုဒိုင်တွေရှိတာပါပဲ။ ဒါပေမဲ့ အခြေအနေအရ ပြည်ပဒိုင်ခေါ်ရမယ်ဆိုရင်လည်း အာဆီယံဒေသအတွင်းကဒိုင်တွေကို ခေါ်ယူမှာပါ" ဟု ၎င်းကပြောသည်။

၂၀၁၆ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်သို့ ရန်ကုန်၊ ရတနာပုံ၊ မကွေးနှင့်ဇွဲကပင်အသင်းတို့ တက်ရောက်လာနိုင်ခဲ့သည်။ ဆီမီးဖိုင်နယ်တွေ့ဆုံမှုတွင် ရန်ကုန်နှင့် ရတနာပုံ၊ မကွေးနှင့် ဇွဲကပင်တို့ ထိပ်တိုက်တွေ့ဆုံနေပြီး အိမ်ကွင်းအဝေးကွင်းနှစ်ကျော့စနစ်ဖြင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ရန်ကုန်နှင့် ရတနာပုံတွေ့ဆုံမှုတွင် ပထမအကျော့ကို ဇူလိုင် ၃၀ ရက်တွင် ရန်ကုန်အိမ်ကွင်း၊ ဩဂုတ် ၁၀ ရက်တွင် ရတနာပုံအိမ်ကွင်းတို့၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး မကွေးနှင့် ဇွဲကပင်အသင်းတို့တွေ့ဆုံမှုကို ဇူလိုင် ၃၁ ရက်နှင့် ဩဂုတ် ၈ ရက်တို့တွင် ရန်ကုန်မြို့၌ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

တီတီ



## Great Tiger Group ၏ တတိယမြောက် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

Great Tiger Group (GTG) က ယင်းတို့၏ တတိယမြောက်မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို အောက်တိုဘာ ၉ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Great Tiger Group သည် မြန်မာ့ရိုးရာလက်ဝှေ့ပွဲများကို စီစဉ်ကျင်းပနေသောအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ရိုးရာကျားတို့အားပြိုင်ပွဲဆိုသောအမည်ဖြင့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို မန္တလေးနှင့်ရန်ကုန်မြို့တို့၌ ကျင်းပခဲ့ရာ အောင်မြင်မှုရရှိခဲ့သောအဖွဲ့တစ်ခုဖြစ်ပြီး ရန်ကုန်မြို့၌ ထပ်မံကျင်းပရန် စီစဉ်နေခြင်းဖြစ်သည်။

အဆိုပါစိန်ခေါ်ပွဲတွင် ပရိသတ်အကြိုက်အကြိုက်အနယ်ရှိမည့် ပြည်တွင်းတွဲဆိုင်းများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး မြန်မာ့ရိုးရာလက်ဝှေ့ကျော်များဖြစ်သော ထွန်းထွန်းမင်းနှင့် တူးတူးတို့၏ပွဲစဉ်များလည်းပါဝင်ရန် စီစဉ်နေကာ ယင်းတွဲဆိုင်းများကို ရွေးချယ်ရာတွင် ရွှေခါးပတ်ချန်ပီယံများကိုသာ ရွေးချယ်သွားမည်မဟုတ်ဘဲ ပရိသတ်အတွက် ရသပေးနိုင်သောတွဲဆိုင်းများကို စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

တေဂျီ

www.facebook.com/themyawadydaily



# ပုသိမ်တပ်နယ်ရှိ နယ်မြေခံဆေးတပ်ရင်းတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်မိသားစုများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြား



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်တပ်နယ်ရှိ နယ်မြေခံ တပ်မတော်ဆေးတပ်ရင်းတွင် ဆေးကုသမှုခံယူနေသူများကို တစ်ဦးချင်း လိုက်လံနှုတ်ဆက်၍ အားပေးစကား ပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၂၁

အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ပုသိမ်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးတပ်ရင်းတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်မိသားစုဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီးဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူး ဗိုလ်မှူးချုပ်တေဇကျော်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ သွားရောက်တွေ့ဆုံအားပေးစကားပြောကြားသည်။

ဦးစွာတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည်

စာမျက်နှာ ၁၆ ကော်လံ ၁ ★

## ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့ တပ်မတော်သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ၏ မေးမြန်းမှုအပေါ် ပြန်လည်ပြောကြားချက်များ

စာ- ၁၁ သို့

### မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၁-၇-၂၀၁၆

| | | | | |
|---|---|---|---|---|
| ချောင်းဆုံ | ၂ | ဒသမ | ၇၅ | လက်မ |
| မြို | ၂ | ဒသမ | ၃၂ | လက်မ |
| ကွမ်းခြံကုန်း | ၂ | ဒသမ | ၂၄ | လက်မ |
| ဓနုဖြူ | ၂ | ဒသမ | ဝ၄ | လက်မ |
| လောင်းလုံး | ၂ | ဒသမ | ဝဝ | လက်မ |
| သီပေါ | ၁ | ဒသမ | ၈၉ | လက်မ |
| တောင်ကြီး | ၁ | ဒသမ | ၄၆ | လက်မ |

**ဆဲလ်ဖုန်းမှဓာတ်ရောင်ခြည်ထုတ်လွှတ်မှုသည် ဦးနှောက်ကင်ဆာရောဂါဖြစ်စေနိုင်သဖြင့် ဦးခေါင်းအနီး လက်ကိုင်ဖုန်းထားရှိအိပ်စက်ခြင်းကိုရှောင်ပါ။**



## မန္တလေးမြို့၌ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်မှ စတင်၍ကျင်းပမည်

စာ- ၁၇ သို့

## ပြည်တွင်းမြို့ကြီး ၂၄ မြို့တွင် မယ်စကြဝဠာ (Miss Universe) ရွေးချယ်ပွဲများကျင်းပလျက်ရှိ



စာမျက်နှာ - ၁၇ သို့

မယ်စကြဝဠာ (Miss Universe) မန္တလေးအလှမယ် ဆန်ခါတင် ၂၀ ဦးအား တွေ့ရစဉ်။

## တရုတ်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူ ၁၀၀ နီးပါးသေဆုံးသို့မဟုတ် ပျောက်ဆုံးလျက်ရှိဟုဆို

စာ- ၂၉ သို့



### နိုင်ငံတကာသတင်းအညွှန်း

## အာဏာသိမ်းရန် ကြံစည်မှုဖြစ်ပွားခဲ့ပြီးနောက် တူရကီသမ္မတက အရေးပေါ်ကြေညာချက်ထုတ်ပြန်

စာ- ၂၂ သို့

## အိန္ဒိယက တပ်ဖွဲ့ဝင်များနှင့် တင့်ကားအစီး ၁၀၀ ခန့်ကို တရုတ်နယ်စပ်ဒေသ၌ တပ်ဖြန့်ချထား

စာ- ၂၉ သို့



www.myawady.net.mm
E.mail:mwdpress@hotmail.co.uk

www.facebook.com/themyawadydaily